# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ (၂၀၂၅) ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၀၂၅)ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၅

(၂၀၂၅) ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်ကြီးများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် (၂၀၂၅) ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် နေရာသို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

◆ **တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကို သိရှိရ၊ မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာ ပြောင်းလဲခြင်း၊ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်းအဓိပ္ပာယ်ဟုယူဆကြသည်ကို သိရှိရ၊ တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်**

## ယနေ့ ဖတ်စရာ


**တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းတော်မူခြင်း** စာ ၁၀

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့အမှတ်(၁၂)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်** စာ ၁၆

မြန်မာ့အလင်း

## ဓမ္မစေတီထိုက်သည့် သာသနာ့အာဇာနည် နှစ်နှစ်ဆက်တိုက် ပေါ်ထွက်လာခဲ့ပြီ

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ၃၃ ရက်တိုင်တိုင် ကျင်းပခဲ့သော (၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းလာခဲ့ပြန်ပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သည့် (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင်လည်း တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါးထွက်ပေါ်ခဲ့ရာ နှစ်နှစ်ဆက်တိုက်နှစ်မခြားဘဲ သာသနာ့အာဇာနည်ဆရာတော်များ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

(၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှ ထွက်ပေါ်လာသော (၁၇) ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ တိပိဋက မဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၊ သက်တော် ၄၅ နှစ်၊ သိက္ခာ ၂၃ ဝါ ဖြစ်သည်။ ယမန်နှစ်က ပေါ်ထွက်ခဲ့သည့် (၁၆) ပါးမြောက် သာသနာ့အာဇာနည် ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီ လင်္ကာရဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၄၈ ခုနှစ်) မှ စတင်ကျင်းပလာခဲ့သည့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲသည် ၃၃ ရက်ကြာမြင့်အောင် ဖြေဆိုကြရခြင်းဖြစ်ရာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးနှင့် အခက်ခဲဆုံးစာမေးပွဲတစ်ခုဖြစ်သည်။

တိပိဋကဓရ ခေါ် ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်သော စာမေးပွဲကို အောင်မြင်ရန်အတွက် ဝိနည်းနှစ်ကျမ်း (၈၅၁ မျက်နှာ)၊ ဝိနည်းသုံးကျမ်း (၁၄၀၉ မျက်နှာ)၊ သုတ်သုံးကျမ်း (စာမျက်နှာ ၇၇၉ မျက်နှာ)၊ အဘိဓမ္မာ အရှေ့ပိုင်း ငါးကျမ်း (စာမျက်နှာ ၁၃၉၀ မျက်နှာ)၊ အဘိဓမ္မာနောက်ပိုင်း (စာအုပ်ရေ ရှစ်အုပ်၊ စာမျက်နှာပေါင်း ၃၅၉၇ မျက်နှာ) စုစုပေါင်း ကျမ်းစာအုပ်ပေါင်း ၂၀၊ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာတို့ကို အပိုင်းငါးပိုင်းအနက် တစ်ပိုင်းချင်း အလွတ်နှုတ်ငုံဆောင် အာဂုံပြန်ဖြေဆိုကြရခြင်းဖြစ်သည်။ အာဂုံပြန်ဖြေဆိုရာတွင် အထစ်အငေါ့မရှိ ဖြေဆိုကြရပြီး စာထောက်စာမ ငါးကြိမ်ထက်ပိုပါက ကျရှုံးအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ သဘောရေးဖြေ ဖြေဆိုရာတွင်လည်း မူရင်းပါဠိတော်၊ မူရင်းပါဠိတော်၏ အဖွင့် အဋ္ဌကထာ၊ အဋ္ဌကထာ၏ အဖွင့် မူလဋီကာ၊ အနုဋီကာ၊ မဓုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိကျမ်းများ၊ မြန်မာဘာသာဖြင့် ဖွင့်ဆိုရေးသားထားသည့် ဒီပနီကျမ်းများ၊ ဆိုရိုးကျမ်းများအရ ကောက်ကျမ်းများစသည်ဖြင့် ပိဋကတ်တော်နှင့် ဆက်စပ်သမျှ အနက်အဓိပ္ပာယ်အားလုံး မေးသမျှဖြေဆိုရသည့်အတွက် အောင်မြင်ရန်ခက်ခဲလှသော စာမေးပွဲပင်ဖြစ်သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး၏ ခက်ခဲနက်နဲမှုကြောင့် စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှ ယခုအချိန်အထိ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်ဆရာတော်ကြီး၁၇ပါးမျှသာပေါ်ထွန်းနိုင်ခဲ့သည့်အနက် တတိယအကြိမ်မြောက်ကျင်းပသည့် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲမှ ထွက်ပေါ်လာသည့် မင်းကွန်းဓမ္မနာဒ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ အရှင်သူမြတ်မှာ ပိဋကတ်သုံးပုံ အာဂုံနှင့် ရေးဖြေနှစ်ရပ်လုံးတွင် ဂုဏ်ထူးဖြင့် အထူးအောင်ခဲ့သည့် လွန်စွာထူးခြားသော ဆရာတော်ကြီးပင်ဖြစ်သည်။ ဆရာတော်ကြီး၏ ဉာဏ်ရည်ထက်မြက်မှု ဂုဏ်သတင်းမှာ ကမ္ဘာသို့ပင် ပျံ့နှံ့ကျော်ကြားခဲ့သည်။

တိပိဋက ရွေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပခြင်းသည် ဗုဒ္ဓသာသနာတော်အတွင်း ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူး တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိ သာသနာတော်ကြီးကို အားပေးချီးမြှောက်ရာတွင် အထက်တန်း အကျဆုံးချီးမြှောက်ရေး၊ သာသနာတော်အတွင်း ဓမ္မစေတီထိုက်သော ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်ထူးဖော်ထုတ်ရေးဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ရာ သက်တော်ထင်ရှား သာသနာ့အာဇာနည်ဆရာတော်များ ပေါ်ထွန်းလာခြင်းအားဖြင့် လောကလူသားတို့၏ အကျိုးစီးပွား ချမ်းသာများစေမည့် သာသနာတော်သုံးရပ် အရှည်တည်တံ့ခိုင်မာစေကြောင်း ကောင်းမြတ်သည့်အကြောင်းတရားဖြစ်ပါကြောင်း။ ။




### ၂၅ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER (Call Sign: XVCH7) ရေယာဉ်ဖြင့် ၂၇.၂.၂၀၂၅ ရက်နေ့မှ ၃၀.၄.၂၀၂၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ Geotechnical Site Investigation Survey (GTI) လုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာကိုဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) ကမ်းလွန်လုပ်ကွက် M–5/M–6 (ရတနာ) ရှိ Well Location များ–**

| Point | Latitude | Longitude |
|---|---|---|
| M5–Exp C1 | 15° 07' 45.2615"N | 94° 10' 10.5131"E |
| M5–Exp C2 | 15° 02' 50.3772"N | 94° 06' 0.4221" E |
| M6–Exp CA | 15° 22' 58.0671"N | 95° 13' 59.3578"E |
| M6–Exp CF | 15° 17' 6.1839" N | 95° 09' 29.2190"E |
| Yadana–Infill WP2 | 15° 09' 08.887" N | 94° 46' 50.887" E |
| Badamya–Infill WP4 | 15° 09' 38.119" N | 94° 43' 02.108" E |
| Apprisal–C1 | 15° 09' 23.5281"N | 94° 09' 48.4001"E |
| Apprisal–C2 | 15° 03' 33.7316"N | 94° 05' 35.7351"E |

**(ခ) ကမ်းလွန်လုပ်ကွက် M–9 ( ဇောတိက) ရှိ Wellhead Platform Location –**

| Point | Latitude | Longitude |
|---|---|---|
| WPH Zawtika–41 | 14° 27' 18.58712"N | 95° 34' 56.27678"E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ဇောတိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER (Call Sign: XVCH7) ရေယာဉ်ဖြင့် ၂၇.၂.၂၀၂၅ရက်နေ့မှ ၃၀.၄.၂၀၂၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | – | စိုးစိုးနိုင် | သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းမှူး | – | မြင့်စိုး | အကြီးတန်း | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | – | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | – | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၀၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

○ *ရှေ့ဖုံးမှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ မြန်မာ-တရုတ်ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအဖွဲ့နာယက၊ လူမျိုးပေါင်းစုံ ညီညွတ်ရေးအဖွဲ့ အကျိုးဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ၊ ယူနန်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ၊ ဟုတ်ကြန့်(ဖူကင်)တရုတ်အမျိုးသားအသင်းဥက္ကဋ္ဌ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက (၂၀၂၅)ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့အား ခြင်္သေ့ရုပ်ကောင်က မင်္ဂလာဂါရဝပြုကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ်ပဝါများဖြင့် ဂါရဝပြုသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြွေနဂါးတရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးက နှစ်သစ်ကူးဆုတောင်းစကားနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲစေကြောင်း ဆုတောင်းစကား ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ရှောင်လင်ကွန်ဖူးသရုပ်ပြသခြင်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ရှောင်လင်ဘုန်းတော်ကြီးများထံ ဗုဒ္ဓရုပ်ပွားတော်များနှင့် သစ်သီးခြင်းအား ဆက်ကပ်လှူဒါန်းပြီး ရှောင်လင်ဘုန်းတော်ကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းတော်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များက တစ်ဖွဲ့ချင်းစီအလိုက် ဂါရဝပြုကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြွေနဂါး တရုတ်နှစ်သစ်ကူးပွဲတော်တွင် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

**❖ တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသောကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကိုတွေ့ရ၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလို၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများသည် China Town တရုတ်ရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် တရုတ်ရိုးရာ အစားအစာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**တရုတ်ရိုးရာခြင်္သေ့အကအဖွဲ့ကဂါရဝပြုကပြ**

ဆက်လက်၍ မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ညစာစားပွဲ အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ တရုတ်ရိုးရာခြင်္သေ့အရုပ်အား ဆေးခြယ်အသက်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့က တရုတ်ရိုးရာခြင်္သေ့အရုပ်အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးကြကာ တရုတ်ရိုးရာခြင်္သေ့အကအဖွဲ့က ဂါရဝပြုကပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြွေနဂါးတရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားရာတွင် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၀၀ကျော်ကတည်းက ယနေ့တိုင်အောင်တည်ရှိနေပြီး ကမ္ဘာ့သမိုင်းမှာ အရှည်ကြာဆုံးသော ယဉ်ကျေးမှုသမိုင်းမှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်ကို လေ့လာသိရှိရကြောင်း၊ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ဟုခေါ်ဆိုသည့် နှစ်သစ်ကူးပွဲတော်ကိုလည်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ ကျော်ကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းကျင်းပခဲ့ကြသည်ကို ဂုဏ်ယူဖွယ်လေ့လာတွေ့ရှိရကြောင်း၊ တရုတ်ရိုးရာအရ ယခု ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံက တရုတ်ရိုးရာ ရာသီခွင် ၁၂ ပါးထဲမှ မြွေနှစ်ဖြစ်သည်ကို သိရှိရကြောင်း၊ မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်းအဓိပ္ပာယ်ဟု ယူဆကြသည်ကို သိရှိရကြောင်း၊ *စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီးများ၊ တရုတ်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများက (၂၀၂၅)ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။







ရွှေနဂါး တရုတ်နှစ်သစ်ကူးပွဲတော်တွင် ရှောင်လင်ဘုန်းတော်ကြီးတစ်ပါးက နှစ်သစ်ကူးဆုတောင်းစကားနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲစေကြောင်း ဆုတောင်းစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

တရုတ်ပြည်သူတို့၏ မျှော်လင့်ချက်များ ပြည့်ဝအောင် တိုးတက်ပြောင်းလဲခြင်းများ ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော် ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကိုကြည့်ပါကလည်း မှတ်တမ်းများအရ ခရစ်နှစ် ၉၀၁ ခုနှစ်က စတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ နှစ်ပေါင်းထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့် ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေခြင်းကြောင့်လည်း တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေးစသည့် ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြကြောင်း၊ မိမိအနေဖြင့် ရှေ့ဆက်ပြီးတော့လည်း တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်သည်ကို ပြောလိုကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မိမိနိုင်ငံတစ်ခုတည်း ဖွံ့ဖြိုးတိုးတက်ရေးထက် မြန်မာနိုင်ငံ အပါအဝင် ဒေသတွင်းနိုင်ငံများ၊ အခြားသော ကမ္ဘာ့နိုင်ငံများကိုပါ တစ်ပါတည်းဖွံ့ဖြိုးတိုးတက်စေရန် BRI စီမံကိန်းများကို အကောင်အထည်ဖော်နေသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံ၏ ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးရှိစေရေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရှောင်လင်ကွန်ဖူး သရုပ်ပြသခြင်းကို ကြည့်ရှုစဉ်။

ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် အလေးထားလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခင်းအကျင်းကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်းတွင် အပြန်အလှန်ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးခိုင်မာနေမှုကို ပြသနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလထဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကို သွားရောက်ခဲ့ပြီး မဟာမဲခေါင် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တက်ရောက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်အပြင် အခမ်းအနားကို တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်လည်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် ဆွေးနွေးစဉ်တွင်လည်း တရုတ်နိုင်ငံဝန်ကြီးချုပ်က တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း အတည်ပြုဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်ပြီး အပြည့်အဝထောက်ခံကူညီ အားပေးမည့်အချက်များ၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ထောက်ခံပြီး ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်ပယ်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံရေးအရ ယုံကြည်မှုအရ ပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားမည့်အချက်များ စသည်များကို ထပ်လောင်းအတည်ပြု ဆွေးနွေးခဲ့ကြောင်း၊ ထိုသို့မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအပေါ် တရုတ်နိုင်ငံက တာဝန်ရှိပုဂ္ဂိုလ်များ၏ အတည်ပြုဆွေးနွေးချက်များနှင့် ကူညီထောက်ပံ့မှုများသည် တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေအဖြစ် တည်ရှိနေမှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါရပ်တည်ချက်အတွက်လည်း မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ တရုတ်အသင်းအဖွဲ့များ၊ ရှောင်လင်ဘုန်းတော်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ကြိုးစားအားထုတ်မှုများကို မြင်တွေ့ခဲ့**

မိမိအနေဖြင့် ကူမင်းမြို့တွင် တရုတ်ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ပြောပြခွင့်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ တက်ကြွသည့် အမြင်နှင့် ထက်သန်သည့် ပူးပေါင်းဆောင်ရွက်လိုမှုများကို မြင်ခဲ့ရပြီး မိမိတို့နိုင်ငံတွင် တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ကူမင်း၊ ချုံချင့်၊ ရှန်းကျန့်မြို့များတွင်ရှိသည့် အထင်ကရနေရာများ၊ တက္ကသိုလ်များ၊ စက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာခဲ့ပြီး တရုတ်လူမျိုးတို့၏ ကြိုးစားအားထုတ်မှု အသီးအပွင့်များကို မြင်တွေ့ခဲ့ရကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ နှင့် အဖွဲ့ဝင်များ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ နှစ်သစ်ကူး အထိမ်းအမှတ်လက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြင်သည့် အရွေ့များ ဖြစ်ပေါ်လာမှုသည် မိမိတို့၏ ခိုင်မာသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံ၏ အားပေးကူညီမှုများကြောင့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထားကူညီဆောင်ရွက်ပေးနေမှုများအတွက်လည်း တရုတ်နိုင်ငံအစိုးရနှင့် တရုတ်နိုင်ငံသူ၊ နိုင်ငံသားများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ပန်ကြားလိုကြောင်း။

### ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေ

တရုတ်-မြန်မာ နှစ်နိုင်ငံ၏ တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ်၊ ဇွန် ၈ ရက်တွင် စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် လာမည့် ဇွန် ၈ ရက်ဆိုပါက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း ၇၅ နှစ်တိုင်တိုင် စိန်ရတုကာလကို ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံပြီး နှစ်နိုင်ငံဆက်ဆံရေး ထူထောင်ပြီးနောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့် အရေးကိစ္စများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဖေးမကူညီခဲ့ကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ စတင်ထူထောင်ခြင်းအပေါ် အာရှတိုက်တွင် ပထမဆုံး အသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်သကဲ့သို့ အဆိုပါအချိန်ကတည်းက ရပ်တည်ခဲ့သည့် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုလည်း ဒီနေ့အချိန်အထိ ခိုင်ခိုင်မာမာ ရပ်တည်နေသည့် နိုင်ငံဖြစ်ကြောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံကို တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်း လာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်သကဲ့သို့ ယနေ့တိုင် လက်ကိုင်ထား ကျင့်သုံးနေကြခြင်းကြောင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ်အမှန်ကို ဖော်ထုတ်ပြသနေကြဆဲဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ ရှည်လျားလှသည့် သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထား အသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ ရေရှည်ကို မြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို အလေးအနက် ထောက်ခံခြင်းလည်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို မလိုလားကြသည့် ပြည်တွင်းပြည်ပက အဖွဲ့များအနေဖြင့်လည်း နည်းလမ်းမျိုးစုံ အသုံးပြုပြီး သွေးခွဲနေကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ တာဝန်ရှိသူများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးက အထူးဂရုစိုက်ဖို့လိုကြောင်း၊ မိမိတို့ တရုတ်-မြန်မာ နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသားလို့ အကြားမထင်သလို ဘယ်လိုနည်းလမ်းနှင့် လုပ်ရပ်မျိုးကမှ ပျက်ပြားအောင် လုပ်၍မရဘူးဆိုသည်ကို သက်သေပြနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာပြည်သူများ၊ မြန်မာနိုင်ငံအတွင်းမှာရှိကြသည့် တရုတ်-မြန်မာအသင်းအဖွဲ့များ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံအတွင်းတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသားများအနေဖြင့် နိုင်ငံချစ်စိတ်များ၊ အေးအတူပူအမျှ အတူတူနေထိုင်သွားကြမည်ဆိုသည့် စိတ်များနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်ကြပြီး တရုတ်-မြန်မာ နှစ်နိုင်ငံကို ခိုင်မာသည့် ထာဝရအိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး အားလုံးကကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန် ပေးအပ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jiaတို့ ဖျော်ဖြေရေးအဖွဲ့အား ချီးမြှင့်ငွေပေးအပ်စဉ်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်လူမျိုးတို့၏ အရေးအကြီးဆုံးပွဲတော်ဖြစ်ပြီး မြွေနှစ်ကို ပျော်ရွှင်စွာကြိုဆိုရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် တရုတ်လူမျိုးများသည် တောတောင်ရေမြေများကို ကျော်ဖြတ်ပြီး သာယာလှပသည့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြကာ စီးပွားရေးအသက်မွေးဝမ်းကျောင်းများ လုပ်ကိုင်၍ အေးချမ်းစွာ အခြေချနေထိုင်ခဲ့ကြပါကြောင်း၊ ၎င်းတို့သည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသည့် မြန်မာပြည်ဟူသည့် မိသားစုကြီးနှင့် တက်ကြွစွာပေါင်းစပ်နေထိုင်ကြပြီး မြန်မာနိုင်ငံ စီးပွားရေးနှင့်လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ တရုတ်-မြန်မာချစ်ကြည်ရေးအတွက် အရေးပါသည့် ပါဝင်ဆောင်ရွက်သူ၊ ပေးဆပ်သူများဖြစ်ကြပါကြောင်း၊ ယခုနှစ်များအတွင်း နှစ်နိုင်ငံယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ဘာသာရေးစသည့် နယ်ပယ်အသီးသီးတွင် အပြန်အလှန်ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများတွင် တိုးတက်မှုကို ကောင်းမွန်စွာ ဆက်လက်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယခုနှစ်သည် တရုတ်နှင့် မြန်မာ သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ ဂရုစိုက်မှုနှင့်အတူ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုအကျိုးရှိသော ရလဒ်များကို ဖြစ်ထွန်းစေပြီး အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ခြင်းအတွက် တိုးတက်မှုအသစ်များရရှိပြီး နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နှစ်သစ်တွင် မိမိတို့အတူလက်တွဲပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရာတွင် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ဆက်လက်ပါဝင်ကြပြီး တရုတ်-မြန်မာနှစ်နိုင်ငံ၏ လှပသည့်အနာဂတ်ကို အတူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက် သာယာဝပြောပြီး ငြိမ်းချမ်းပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာနှစ်သစ်ကူး အထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံမှ အထူးလာရောက်ဖျော်ဖြေသည့် တယ်ဟုန်စာပေနှင့် အနုပညာယဉ်ကျေးမှုအဖွဲ့က ဖျော်ဖြေတင်ဆက်ခြင်း၊ ရှောင်လင်ကိုယ်တော်များက သိုင်းသရုပ်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှုအဖွဲ့နှင့် အနုပညာရှင်များက အဆိုအကများ၊ တေးသရုပ်ဖော်များ၊ တရုတ်-မြန်မာချစ်ကြည်ရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ တရုတ်ယဉ်ကျေးမှုအဖွဲ့များက တရုတ်ရိုးရာတေးသီချင်းများ၊ တူရိယာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေခြင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်းများ ဆောင်ရွက်ကြပြီး သီဆိုဖျော်ဖြေရာတွင် UNESCO မှ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပထမဆုံး ထည့်သွင်းခဲ့သည့်အတွက် ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်အနေဖြင့် မြဝတီတေးဂီတအဖွဲ့က “ခေတ်လေးခေတ်” သင်္ကြန်သီချင်းဖြင့် ဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံမှလာရောက်သည့်တရုတ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီယဉ်ကျေးမှု အဖွဲ့နှင့်အနုပညာရှင်များကို အမှတ်တရလက်ဆောင်ပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာအနုပညာရှင်များနှင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် တရုတ်-မြန်မာချစ်ကြည်ရေး Theme Song ဖြစ်သည့် “ပန်းတိုင်းပွင့်ပါစေ” သီချင်းကို စုပေါင်းသီဆိုခဲ့ကြကြောင်းနှင့် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

- ❖ **တပ်မတော်သားများအနေဖြင့် မည်သည့်တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတို့ဖြင့် တာဝန်ထမ်းဆောင်ရမည်ဖြစ်**
- ❖ **နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လို**

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များ ဦးစွာရှင်းလင်းပြောကြား**

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်အုပ်ချုပ်ပုံနည်းစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပြည်သူတစ်ရပ်လုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး တပ်မတော်မှ ဖော်ဆောင်ပေးခဲ့မှု၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုတို့ကို ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရန် ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် မည်သည့် တပ်ဖွဲ့၊ မည်သည့်နေရာတွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ စစ်ရေးသတိ၊ စစ်ရေးအသိ၊ လုံခြုံရေး အသိ၊လုံခြုံရေးသတိတို့ဖြင့်တာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့နယ်ပယ်၌ အကျိုးရှိထိရောက်အောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ သင်ကြားပေးထားသည့် အတတ်ပညာများကို လက်တွေ့အသုံးချနိုင်ရန်အတွက် အမြဲမပြတ်လေ့ကျင့်နေရမည်ဖြစ်ပြီး အသက်အရွယ်နှင့်ညီမျှသည့် ကျန်းမာကြံ့ခိုင်မှုများနှင့် သန်စွမ်းမှုများရှိနေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်လာပါက မိမိတို့၏တာဝန်များကို ရဲရဲဝံ့ဝံ့ဖြင့် ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး လုပ်ရဲကိုင်ရဲသည့် စိတ်များနှင့် လုပ်ချင်ကိုင်ချင်စိတ်များ ရှိရန် လိုကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်း ကိုင်တွယ်အသုံးပြုရသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း။

**တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားရန်လို**

တပ်မတော်သားများအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်များဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့၏ စစ်သားဘဝကို ခံ့မင်မြတ်နိုးတန်ဖိုးထားရန် လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့်တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြသဖြင့် အများသူငါ လုပ်ဆောင်နိုင်ရန်ခက်ခဲလှသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန်နှင့် မိမိကိုယ်ကို ဂုဏ်ယူတတ်ရန်လိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တစ်ဦးတစ်ယောက်ချင်းစီအလိုက် ကြံ့ခိုင်သန်စွမ်းမှုရှိစေရေး လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိတို့တစ်ဦးချင်း နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လုပ်ဆောင်ရမည့် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို တစ်ဦးချင်းစီအလိုက်၊ အဖွဲ့အလိုက် မှန်မှန်ကန်ကန် လုပ်ဆောင်စေရေးအတွက်လည်း ကွပ်ကဲကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းရပ်ကို တာဝန်ထမ်းဆောင်သည်ဖြစ်စေ လေ့လာမှုမရှိပါက သူတစ်ပါး၏နောက်တွင် ကျန်နေခဲ့မည်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အမြဲမပြတ်လေ့လာအားထုတ်သွားကြရန် မှာကြားလိုကြောင်း၊ လေ့ကျင့်ရေးပိုင်းနှင့် ပတ်သက်လာပါက “ချွေးထွက်များမှ သွေးထွက်နည်းမည်” ဖြစ်သဖြင့် စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံလေ့ကျင့်ခြင်းဖြင့် မိမိကိုယ်ကိုနှင့် မိမိအဖွဲ့အစည်းကို အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ညီညွတ်မျှတသည့်အုပ်ချုပ်ကွပ်ကဲမှု ပုံစံရှိရမည်ဖြစ်ပြီး လူတို့၏သဘောသဘာဝကိုသိရှိခြင်းဖြင့် လုပ်ငန်းများကိုအောင်မြင်အောင် ဦးဆောင်နိုင်စွမ်းရှိရမည် ဖြစ်ကြောင်း၊ တပ်မတော်၏ ကျောရိုးသည် စည်းကမ်းဖြစ်ပြီး စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့်မဖြစ်သင့်၊ မဖြစ်ထိုက်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တိုင်း တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ် ထောက်ပံ့မှုများ ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတ ကောင်းမွန်ရေးကို အလေးထားလိုက်နာ ဆောင်ရွက်သွားရန် လိုကြောင်း။

**သက်သာချောင်ချိရေးဖော်ဆောင်**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိရေးသည် ဆက်စပ်လျက်ရှိပြီး အုပ်ချုပ်မှုအားကောင်းခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုနှင့် သက်သာချောင်ချိမှုများ အားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုကောင်းလာမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက်လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များ ပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့် သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည် ဖြစ်သကဲ့သို့ ၎င်းတို့ကို ကိုယ်ရေးကိုယ်တာအခက်အခဲ၊ အကျပ်အတည်းများကိုလည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း *စာမျက်နှာ ၇ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

*စာမျက်နှာ ၆ မှ*

မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့်အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့်ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့်ထွက်ငွေ မျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့ပြီး အမြတ်ကိုအဓိကမဟုတ်ဘဲ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဝယ်ယူစားသုံးနိုင်ရေး အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့တစ်မိသားစုချင်းနှင့် မိမိတို့တပ်ဖွဲ့၏ သက်သာချောင်ချိမှုကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တပ်ဖွဲ့တွင်းရောင်းချပြီး ပိုလျှံသည်များကို ပြင်ပမှဝန်ထမ်းများ၊ ဒေသခံများသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးခြင်းဖြင့်လည်း ဒေသ၏သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

တပ်တည်ဆောက်ရေး လုပ်ငန်းရပ်များဖြစ်သည့် လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးနှင့် စိတ်ဓာတ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး ကောင်းမွန်သည့်စိတ်ဓာတ်မွေးမြူရန်သည် စစ်သည် တစ်ဦးတစ်ယောက်ချင်းစီတွင် တာဝန်ရှိကြောင်း၊ ကွပ်ကဲကြပ်မတ်ရန် တာဝန်ရှိသူများအနေဖြင့်လည်း လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေးတို့ကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးခြင်းဖြင့် စစ်သည်များ စိတ်ဓာတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများ၊ အခါအားလျော်စွာကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးခြင်းများဖြင့် စိတ်ဓာတ်ကောင်းမွန်မှုကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများ ပေးအပ်စဉ်။

### စာပေဖတ်မှတ်လေ့လာခြင်း အမြဲမပြတ်ဆောင်ရွက်

တစ်ဦးချင်းစီ၏ အရည်အသွေးတိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေလိုအပ်မည်ဖြစ်သဖြင့် မိမိကိုယ်ကိုအကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတလေ့လာခြင်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာများကို မှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့် အခြေအနေတွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့်ကောင်း တစ်ခုပင်ဖြစ်ကြောင်း၊ “ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်” ဖြစ်သကဲ့သို့ စာမတတ်လျှင် တစ်သက်လုံး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးအတွက် အခက်အခဲများ ကြုံတွေ့ရနိုင်မည်ဖြစ်သဖြင့် စာပေဖတ်မှတ်လေ့လာခြင်းကို အမြဲမပြတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်ပြန်လည်ဖွင့်လှစ်ရန် သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၂၅**

အကြမ်းဖက် သောင်းကျန်းသူများ၏ အဖျက်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်၏ အဆောက်အအုံများ ပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်ပြီး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန် အလေးထားအကောင်အထည်ဖော်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်တက္ကသိုလ်သို့ရောက်ရှိကာ အမြန်ဆုံး ပြန်လည်ပြုပြင် ဖွင့်လှစ်နိုင်ရန် တက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (ဝဲပုံ)



### ကြည့်ရှုအားပေး

ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် တက္ကသိုလ်ပရိဝုဏ်အတွင်း နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားများဖြင့် တက္ကသိုလ်အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များတစ်လျှောက် ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် စာသင်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ ပတ်ဝန်းကျင်၌ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းကို လှည့်လည်ကြည့်ရှုအားပေးပြီး လွိုင်ကော်တက္ကသိုလ်မှ အင်ဂျင်နီယာမှူးက ဝန်ထမ်းများ ရောက်ရှိတာဝန်ထမ်းဆောင်မှုနှင့် တက္ကသိုလ်အတွင်း စီမံအုပ်ချုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်နှင့် ပြုပြင်ဆောင်ရွက်ရန် လိုအပ်သည်များကို အမြန်ဆုံးပြုပြင်နိုင်ရေး တာဝန်ရှိသူများ အားလုံးစနစ်တကျချိတ်ဆက် ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ယနေ့အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။

မြန်မာ့ ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် အိမ်ရာဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းနှင့် မြေအသုံးချမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)နှင့် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

- **မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွား**
- **လက်ရှိအချိန်အထိ အိမ်ရာဝင်းတစ်ခုအတွင်း၌ပင် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့ ဖြစ်လာပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေး**

**နေပြည်တော် ဇန်နဝါရီ ၂၅**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးတို့က ၂၀၂၂ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုနှင့် ဆက်လက်နေရာချထားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ မူကြိုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းတည်ဆောက်ရန် လျာထားမှုနှင့် လက်ရှိတက်ရောက်နေမှု၊ အားကစားကွင်းများနှင့်ကလေးကစားကွင်းများ ထည့်သွင်းဆောင်ရွက်ပြီးစီးမှု၊ ရေနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် လုံလောက်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အိမ်ရာဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းနှင့် မြေအသုံးချမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။


ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန် လိုကြောင်း၊ အိမ်ရာအတွင်း လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် စီမံကိန်းလိုအပ်ချက်နှင့် ကိုက်ညီသည့် ဆိုလာလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတစ်ခုကိုလည်း စနစ်တကျတွက်ချက်၍ ထည့်သွင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာများဆောက်လုပ်ရာတွင် မြေကိုအကျိုးရှိရှိနှင့် အကွက်ကျကျ အသုံးချနိုင်ရေး စနစ်တကျ တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်အထိ အိမ်ရာဝင်းတစ်ခုအတွင်း၌ပင် အိမ်ခန်းပေါင်း ၄၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့ငယ်တစ်မြို့ကဲ့သို့ ဖြစ်လာပြီဖြစ်၍ လိုအပ်သည်များ ဖြည့်ဆည်းပေးရန်လိုကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များကို မှာကြားသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အိမ်ရာသန့်ရှင်းသာယာလှပရေး၊ ရေသွင်းရေထုတ်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူများကို မှာကြား၍ အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (အငြိမ်းစား)နှင့် တည်ဆောက်ရေးဆိုင်ရာ တာဝန်ရှိသူတို့က စီမံကိန်းအကောင်အထည်ပေါ်ပေါက်ခဲ့မှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရာနှုန်းပြည့်ပြီးစီးပါက မြင်တွေ့ရမည့်ပုံစံများ၊ အဓိကကျသည့် လုပ်ငန်းကြီးများ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှု မှတ်တမ်းများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၉ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၈ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခု Shopping Complex ကို ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ပြည်သူများနှင့် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တွင် နေထိုင်သူများ၏ လူနေမှုအဆင့်မြင့်တင်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ရေ၊ မီးစနစ်များ အသုံးပြုရန်အတွက် လိုအပ်သည့် လျှပ်စစ်မီး အချိန်ပြည့်ရရှိစေရေး Roof Top တွင် ဆိုလာပြားတပ်ဆင်ရန်နှင့် စီမံကိန်းမြေနေရာ၏ အခြားမြေလွတ်နေရာများတွင်လည်း ဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် ကြီးမြန်သစ်ပင်များ၊ အရိပ်ရ လေကာပင်များကိုလည်း ယခုကတည်းကပင် စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ ရေထုတ်စနစ်များ ကောင်းမွန်စေရေးအတွက်လည်း တွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့အတွင်းရှိ လမ်းများအနေဖြင့်လည်း လမ်းနယ်များ စနစ်တကျရှိရမည်ဖြစ်ပြီး ရေဝင်ရေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး လုပ်ငန်းခွင်အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

**သွားရောက်ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညီညီစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရွှေပြည် စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ငွေပင်လယ်အသားတိုးနွားမွေးမြူရေးလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထွက်ရှိလာသည့် သား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်မှု၊ အအေးခန်းစက်ရုံ(လှိုင်သာယာ)၏ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ စွန်ရဲအင်းမွေးမြူရေးဇုန်၌ နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ ဆိတ် မွေးမြူနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် အစာစပ်စက်ရုံ တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

**ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ဒေသတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ခုနစ်သန်းကျော်ရှိပြီး စားရေးဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါး နှင့် ရာသီ သီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးဇုန်၊ မွေးမြူရေးစခန်းများ၌သာမက ကျေးရွာအလိုက် တစ်ပိုင်တစ်နိုင် မွေးမြူရေးသည်ပင် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ရန်လိုပြီး အထွက်နှုန်းများကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးအစာကုန်ကြမ်းများ မပြတ်ရရှိရေးကိုလည်း စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဟင်းသီးဟင်းရွက်များ ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံစားကုန်များကို များများထုတ်လုပ်နိုင်မှသာလျှင် ကုန်ဈေးနှုန်းကြီးမြင့်မှုများသည်လည်း လျော့ကျလာမည်ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

**အမြဲမပြတ်လေ့လာ၍ အတုယူဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာ သမားရိုးကျနည်းလမ်းများဖြင့် မွေးမြူခြင်းထက် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနည်းလမ်းများ၊ မွေးမြူရေးနည်းလမ်းများကိုလည်း အမြဲမပြတ်လေ့လာ၍ အတုယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**ခင်းကျင်းပြသထားမှုများ ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော်တစ်ပါး ပေါ်ထွန်းတော်မူခြင်း

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို (၂၄-၁၂-၂၀၂၄) ရက်နေ့မှ (၂၅-၁-၂၀၂၅)ရက်နေ့အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်သေဋ္ဌညာဏာလင်္ကာရ၊ သက်တော် ၄၅ နှစ်၊ သိက္ခာ ၂၃ ဝါ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋက ကောဝိဒ (၁၇)ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ်(၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ (၇၇)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၆)ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော် (၁၆)ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၆)ပါးမြောက် တိပိဋကဓရ တိပိဋက ကောဝိဒဆရာတော် ပေါ်ထွန်းခဲ့ပြီးနောက် နှစ်မခြားဘဲ ယခုနှစ် ၁၃၈၆ ခုနှစ် (၂၀၂၅ ခုနှစ်) (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၇)ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်းငါးကျမ်းနှင့် အဘိဓမ္မပိဋက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းတို့ကို "တိပိဋကဓရ"ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး "တိပိဋက ကောဝိဒ" ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲဖြေဆိုရကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်သေဋ္ဌညာဏာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

**အရှင်သေဋ္ဌညာဏာလင်္ကာရသည်** စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာ၊ ခမည်းတော် ဦးတင်စော+မယ်တော်ဒေါ်အုံးခတို့မှ ၁၃၄၀-ပြည့်နှစ် တပေါင်းလပြည့်ကျော် (၄) ရက်၊ သောကြာနေ့တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

### ဥပသမ္ပဒမင်္ဂလာ

၁၃၆၁-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၁) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၇-မိုင်၊ စော်ဘွားလေးကျောင်းတိုက်ဆရာတော်၊ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၇-မိုင်၊ မလိခလမ်း ၁၁(က)ဦးထူးအောင်ကြီး+ ဒေါ်ပြုံးပြုံးထွေး မိသားစု၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာ ဒေါ်စောကြွယ်နှင့် ဦးတင်စော+ ဒေါ်အုံးခ မိသားစု၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဦးအောင်ကြီး+ ဒေါ်မိုးမိုးအောင် မြနန္ဒာအိမ်ဆောက်ပစ္စည်းအရောင်းဆိုင်မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်+ဒေါ်အေးပို မိသားစု၊ ရဲမှူးကြီး ချစ်ရင်+ဒေါ်ခင်စန်းမြင့် မိသားစု၊ ဦးကျင်စိန်+ဒေါ်နီနီအေး၊ သမီး မမော်လီလင်း(သ-ဖ ထရေးဒင်းကုမ္ပဏီလီမိတက်) မိသားစု၊ ဦးမိန်သက်+ ဒေါ်သန်းသန်းမော်၊ သရီးဂိုလ်းစတားကုမ္ပဏီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

### ကျေးဇူးရှင်ဆရာတော်ကြီးများ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ရွာဗုကြီးရွာ၊ ဥပ္ပလ္လင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောဘဏ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၇-မိုင်၊ စော်ဘွားလေးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တဇောတိကနှင့် စာချဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်၊တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ၊ ဘဒ္ဒန္တကဝိဓဇ၊ ဘဒ္ဒန္တညာဏိဿရ၊ အရှင်ဉာဏကုသလ (ဥဘတောဝိဘင်္ဂကောဝိဒ)အရှင်စန္ဒန(ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက)၊ အရှင်ကုန္ဒောဘာသာလင်္ကာရ (ဒွိပိဋက ကောဝိဒ၊ မူလအာဘိဓမ္မိက) အရှင်ပညာဝံသာလင်္ကာရ (ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက) အရှင်သိရီ ဒတ္တာလင်္ကာရ (ဒွိပိဋကကောဝိဒ)၊ အရှင်ကုန္ဒာဓမ္မ၊ အရှင်ပညာစာရ၊ အရှင်ဝေပုလ္လာလင်္ကာရ (ဒွိပိဋကဓရ၊ ပါဠိပါရဂူ)၊ အရှင်ဓမ္မရက္ခိတာလင်္ကာရ (ဝိသိဋ္ဌဝိနယဓရ၊ ဥဘတော ဝိဘင်္ဂကောဝိဒ)၊ အရှင်ကုန္ဒာဝုဓာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ပဓာနနာယကဆရာတော်ဘဒ္ဒန္တသီတလ (ဒွိပိဋကဓရ)၊ အရှင်ဝါသေဋ္ဌာလင်္ကာရ (တိပိဋကဓရ) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသောဘဏ၊ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တတေဇနိယ (ပဌာန်းအလင်းရောင်)၊ ဘဒ္ဒန္တပဝရာဘိဝံသ၊ ဘဒ္ဒန္တနာရဒါဘိဝံသ၊ (သ-စ-အဓမ္မာစရိယ၊ ဝဋံ့သကာ)နှင့် စာချဘုန်းကြီးများ၊ ရန်ကင်းတောင်၊ ဥယျာဉ်စာသင်တိုက်ဆရာတော်ဘဒ္ဒန္တဇောတိက(အမ်အေ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ဘဒ္ဒန္တသြဘာသာဘိဝံသ (ဒွိပိဋကကောဝိဒ ဝိသိဋ္ဌမူလအာဘိဓမ္မိက)၊ ဘဒ္ဒန္တကုန္ဒက အောင်မင်္ဂလာပရိယတ္တိစာသင်တိုက်၊ အုန်းတော၊ ဘဒ္ဒန္တဝိရောစန မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ဘဒ္ဒန္တနာဂိတ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့နယ် စသည့် ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

### အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲများ

ဂဏဝါစကသာမဏေကျော် (၁၃၅၈) ခုနှစ်၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်(၁၃၅၈) ခုနှစ်၊ပရိယတ္တိသဒ္ဓမ္မရက္ခိတ သာမဏေကျော်(၁၃၅၉) ခုနှစ်၊ မင်္ဂလာဗျူဟာသာမဏေကျော် (၁၃၆၀) ပြည့်နှစ်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်ဘွဲ့များ (၁၃၆၀) ပြည့်နှစ်၊ (၁၃၆၁)ခုနှစ်တွင် ပထမကြီးတန်း (ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံး ဒုတိယ)၊ သာသနဓဇဓမ္မာစရိယ (၁၃၆၂) ခုနှစ်၊ နိကာယဓွဇောတက ဝိနယဓရဓမ္မာစရိယ (၁၃၆၉) ခုနှစ်၊ နိကာယဓွဇောတက အတ္ထဝိသာရဒဒီဃဘာဏက(၁၃၇၁) ခုနှစ်၊ နိကာယ ဝုမ္မိသမိတိ ဝိနယ ကောဝိဒ (၁၃၇၀) ပြည့်နှစ်၊ နိကာယဝုမ္မိသမိတိ ဒီဃနိကာယကောဝိဒ (၁၃၇၃)ခုနှစ်၊ ပရိယတ္တိသာသနဟိတဝိနယဓရ(၁၃၆၉) ခုနှစ်၊ ပရိယတ္တိသာသနဟိတဒီဃဘာဏက(၁၃၇၁)ခုနှစ်၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ(၁၃၇၃)ခုနှစ်၊မဟာဂန္ထဝံသ မူလအာဘိဓမ္မာဂမ (၁၃၇၇) ခုနှစ်၊ ဝိနယဝိဒူ (၁၃၆၁)ခုနှစ်၊ ဒီဃနိကာယဝိဒူ(၁၃၇၁)ခုနှစ်၊ အဘိဓမ္မဝိဒူ-၁ (၁၃၈၃) ခုနှစ်၊ အဘိဓမ္မဝိဒူ-၂ (၁၃၈၅) ခုနှစ်၊ ဥဘတောဝိဘင်္ဂဓရ (၁၃၆၃) ခုနှစ်၊ ဥဘတောဝိဘင်္ဂကောဝိဒ (၁၃၆၇) ခုနှစ်၊ ဝိနယဓရ (၁၃၆၉) ခုနှစ်၊ ဝိနယကောဝိဒ (၁၃၇၀) ပြည့်နှစ်၊ ဒီဃဘာဏက (၁၃၇၁) ခုနှစ်၊ ဒီဃနိကာယကောဝိဒ (၁၃၇၃) ခုနှစ်၊ မူလအာဘိဓမ္မိက (၁၃၇၄) ခုနှစ်၊ မူလအဘိဓမ္မကောဝိဒ(၁၃၇၇)ခုနှစ်နှင့် တိပိဋကဓရဘွဲ့ (၁၃၇၉) ခုနှစ်တို့ကို အောင်မြင်ခဲ့ပါသည်။



### အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်

ယခုနှစ် (၇၇)ကြိမ်မြောက်၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း) နှစ်ကျမ်းသဘောရေးဖြေကို ဖြေဆိုအောင်မြင်တော်မူသောကြောင့် အဘိဓမ္မကောဝိဒဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

### တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်သေဋ္ဌညာဏာလင်္ကာရသည် သင်ရိုးပိဋကသုံးပုံကို အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပါ အောင်မြင်တော်မူပြီးဖြစ်သဖြင့် တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်တော် အရိုးဝါကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော ကုန်း၊ ရေ၊ လေ သုံးဌာန အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်)(တပည့်နှစ်ဦး အပါအဝင်)ဆွမ်းဆန်တော် စသည်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (အာဂုံ) စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၁ | ၁ | - | |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၄ | ၁ | - | |
| ၃ | ဒီဃနိကာယ် | ၁၃ | ၁၁ | ၁၁ | ၁၀၀% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၁၁၉ | ၇၃ | ၂၉ | ၃၉.၇၃% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၃၃ | ၉၁ | ၄၆ | ၅၀.၅၅% |
| | စုစုပေါင်း | ၂၇၀ | ၁၇၇ | ၈၆ | ၄၈.၅၉% |

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ) စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင် ရာခိုင်နှုန်းစာရင်းချုပ်

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၄ | ၄ | ၁ | ၂၅% |
| ၂ | အဘိဓမ္မာ(ပထမပိုင်း) | ၁၇ | ၁၅ | - | |
| ၃ | ဒီဃနိကာယ် | ၃၈ | ၃၅ | ၂ | ၅.၇၁% |
| ၄ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၁ | ၁.၈၉% |
| ၅ | ဝိနည်း(ပထမပိုင်း) | ၁၂၆ | ၁၁၃ | ၇ | ၆.၁၉% |
| | စုစုပေါင်း | ၂၄၃ | ၂၂၀ | ၁၁ | ၅% |

# တိပိဋကဓရ တိပိဋကကောဝိဒ သဘောရေးဖြေအရှင်မြတ်များ၏ အောင်စာရင်းထုတ်ပြန်

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂) ရက် (စနေနေ့) ၂၅-၁-၂၀၂၅ ရက်၊ နံနက် ၀၈၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်အဖွဲ့ နှစ်ဖွဲ့ပေါင်း (၂/၇၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ သဘောရေးဖြေ အရှင်မြတ်များ၏ အောင်စာရင်းကို ထုတ်ပြန်လိုက်သည် -

**သဘောရေးဖြေအောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာ(ဒုတိယပိုင်း)နှစ်ကျမ်း သဘောရေးဖြေအောင်**
**အဘိဓမ္မကောဝိဒ တိပိဋကဓရ တိပိဋကကောဝိဒ (၁)ပါး**

၁။ ပလ္လင်အမှတ် (၂၇၄) အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၄၅)နှစ်၊ သိက္ခာ (၂၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ (၂)ပါး**

၁။ ပလ္လင်အမှတ် (၃၁၅) အရှင်ပညာဓဇာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ (၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၂၂) အရှင်စန္ဒောဘာသာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ (၁၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၃၈၃) အရှင်လာဘသာမီလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၇)ပါး**

၁။ ပလ္လင်အမှတ် (၃၉၂) အရှင်နန္ဒိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၅) အရှင်လက္ခဏာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊
မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၅၅) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၄၆၉) အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ
မစိုးရိမ်တိုက်သစ်၊ ဓမ္မဒါယာဒကျောင်း၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၇၅) အရှင်တိလောကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၉၂) အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၄၉၇) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဘဒ္ဒန္တပညိသရာဘိဝံသ
(အဘိဇမဟာရဋ္ဌဂုရု)
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဥေယျာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
အကျိုးတော်ဆောင်ဆရာတော်

တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့

# တိပိဋကဓရ တိပိဋကကောဝိဒ အာဂုံပြန် အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြု

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက် (ကြာသပတေးနေ့) ၁၆-၁-၂၀၂၅ ရက်၊ နံနက် ၀၈၀၀ နာရီအချိန်တွင် ကျင်းပသော တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး ဩဝါဒါစရိယဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့တို့၏ (၁/၇၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ အာဂုံပြန်အရှင်မြတ်များအား သဘောရေးဖြေခွင့်ပြုလိုက်သည်-

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**
**ဒီဃဘာဏက(၁၁)ပါး**

၁။ ပလ္လင်အမှတ် (၇) အရှင်ဇနပ္ပိယာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၉) အရှင်တိလောက၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၁၀) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၆)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၁၁) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**(ဝိသိဋ္ဌ)**

၅။ ပလ္လင်အမှတ် (၁၂) အရှင်ဝိသုတာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၁၃) အရှင်ဝိလာသ(တွံတေး)၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၉)ဝါ
ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၁၄) အရှင်ဣန္ဒကာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၁၅) အရှင်ဝိမလာလင်္ကာရ(ရွှေဘို)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၁၆) အရှင်ဝိညာဏဇောတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**(ဝိသိဋ္ဌ)**

၁၀။ ပလ္လင်အမှတ် (၁၇) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၁၈) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ(၂၉)ပါး**

၁။ ပလ္လင်အမှတ် (၂၇) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၂၈) အရှင်ခေမိန္ဒ(မြိတ်)၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၃၁) အရှင်သောမသိရီ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၄။ ပလ္လင်အမှတ် (၃၈) အရှင်ဝိသုတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၅။ ပလ္လင်အမှတ် (၃၉) အရှင်ဓမ္မိကာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ
ဓမ္မအလင်္ကာကျောင်းတိုက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။

၆။ ပလ္လင်အမှတ် (၄၄) အရှင်တေဇောဘာသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၇။ ပလ္လင်အမှတ် (၄၇) အရှင်ပညာဇောတာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွှာငံမြို့နယ်၊
ရှမ်းပြည်နယ်(တောင်ပိုင်း)။

၈။ ပလ္လင်အမှတ် (၅၁) အရှင်ပဏ္ဍိတ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၅၃) အရှင်ဇဝန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

၁၀။ ပလ္လင်အမှတ် (၅၅) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၉)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၅၆) အရှင်တေဇနိယာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၁၂။ ပလ္လင်အမှတ် (၅၇) အရှင်ကဝိနန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၅၈) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၄။ ပလ္လင်အမှတ် (၅၉) အရှင်ဝိဇာတာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၆၀) အရှင်ကိတ္တိဉာဏာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ
ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၆။ ပလ္လင်အမှတ် (၆၁) အရှင်ဉာဏောဘာသာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ် (၆၂) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ် (၈၁) အရှင်ခေမာနန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ် (၉၄) အရှင်သြဘာသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ
မင်းကွန်းဓမ္မရောင်ခြည်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ် (၉၇) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၁။ ပလ္လင်အမှတ် (၁၀၀) အရှင်ခေမာနန္ဒ(နတ်တလင်း)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ် (၁၀၄) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ် (၁၁၂) အရှင်သံဝရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၄။ ပလ္လင်အမှတ် (၁၁၆) အရှင်ကဝိဿရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ် (၁၁၈) အရှင်သောဘိတာလင်္ကာရ(သန်လျင်)၊ အသက်(၂၇)နှစ်၊ သိက္ခာ (၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ် (၁၁၉) အရှင်အာသဘာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ် (၁၂၀) အရှင်ဣန္ဒဝံသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

၂၈။ ပလ္လင်အမှတ် (၁၂၁) အရှင်ဓမ္မိဿရာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၉။ ပလ္လင်အမှတ် (၁၂၄) အရှင်သုန္ဒရာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရေ(၄၆)ပါး**

၁။ ပလ္လင်အမှတ် (၁၄၁) အရှင်ကုသလာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ
တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ပလ္လင်အမှတ် (၁၄၂) အရှင်ဣန္ဒာစာရ(ပုဂံ)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၃။ ပလ္လင်အမှတ် (၁၄၃) အရှင်မဏ္ဍလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(အထူးအောင်)**

၄။ ပလ္လင်အမှတ် (၁၄၄) အရှင်သုမင်္ဂလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၅။ ပလ္လင်အမှတ် (၁၄၅) အရှင်ကောဝိဒသိရီ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၆။ ပလ္လင်အမှတ် (၁၄၉) အရှင်ရာဇိန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၇။ ပလ္လင်အမှတ် (၁၅၀) အရှင်ဓမ္မဝံသာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ
မဟာခိုနန်းကျောင်းတိုက်၊ လင်းဇင်းရပ်၊ စစ်ကိုင်းမြို့၊
စစ်ကိုင်းတိုင်းဒေသကြီး။

၈။ ပလ္လင်အမှတ် (၁၅၁) အရှင်ဝိသေဋ္ဌ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၉။ ပလ္လင်အမှတ် (၁၅၃) အရှင်ဝိသေသန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၀။ ပလ္လင်အမှတ် (၁၅၄) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
ရွှေဒါးတောရကျောင်းတိုက်၊ ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး။

၁၁။ ပလ္လင်အမှတ် (၁၅၅) အရှင်အဂ္ဂီသ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၂။ ပလ္လင်အမှတ် (၁၅၉) အရှင်ဝရပညာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၃။ ပလ္လင်အမှတ် (၁၆၀) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ **(အထူးအောင်)**

၁၄။ ပလ္လင်အမှတ် (၁၆၁) အရှင်ဝိဿုတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၅။ ပလ္လင်အမှတ် (၁၆၅) အရှင်ဓမ္မိဿရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
ဆင်ဖြူစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၆။ ပလ္လင်အမှတ် (၁၆၆) အရှင်တေဇာနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၇။ ပလ္လင်အမှတ် (၁၆၇) အရှင်ပညာလောက(မွန်)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၁၈။ ပလ္လင်အမှတ် (၁၆၈) အရှင်ဆန္ဒာဓိကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၇)ဝါ
မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၁၉။ ပလ္လင်အမှတ် (၁၇၁) အရှင်ပညာသာမိ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၀။ ပလ္လင်အမှတ် (၁၈၇) အရှင်ဝဂ်ီသ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၂၁။ ပလ္လင်အမှတ် (၁၈၉) အရှင်ပညာနန္ဒ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၂။ ပလ္လင်အမှတ် (၁၉၀) အရှင်ခေမာစာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ
တိပိဋကစုဆန်းလီကျောင်းတိုက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၂၃။ ပလ္လင်အမှတ် (၁၉၂) အရှင်ဣန္ဒသိရီ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၄။ ပလ္လင်အမှတ် (၂၀၀) အရှင်ဂန္ဓသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၅။ ပလ္လင်အမှတ် (၂၀၁) အရှင်အာစိဏ္ဏာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂၆။ ပလ္လင်အမှတ် (၂၀၅) အရှင်ဝိမလ(နတ်မောက်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂၇။ ပလ္လင်အမှတ် (၂၀၆) အရှင်ကုမုဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ
တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

၂၈။ ပလ္လင်အမှတ် (၂၀၇) အရှင်ဇနသာရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါတိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၂၉။ ပလ္လင်အမှတ် (၂၀၈) အရှင်သီဟဉာဏ၊အသက်(၂၈)နှစ်၊သိက္ခာ(၈)ဝါပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၀။ ပလ္လင်အမှတ် (၂၀၉) အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါတိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃၁။ ပလ္လင်အမှတ် (၂၁၀) အရှင်ဇေယျာနန္ဒာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၂။ ပလ္လင်အမှတ် (၂၁၃) အရှင်သုနန္ဒရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၃။ ပလ္လင်အမှတ် (၂၁၄) အရှင်ဉာဏိန္ဒာလင်္ကာရ၊အသက်(၂၅)နှစ်၊သိက္ခာ(၅)ဝါတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၄။ ပလ္လင်အမှတ် (၂၁၆) အရှင်ဉာဏဝရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၅။ ပလ္လင်အမှတ် (၂၁၇) အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၆။ ပလ္လင်အမှတ် (၂၃၆) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋက ဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃၇။ ပလ္လင်အမှတ် (၂၃၈) အရှင်သိဒ္ဓိဝရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၃၈။ ပလ္လင်အမှတ် (၂၃၉) အရှင်ကုသလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃၉။ ပလ္လင်အမှတ် (၂၄၄) အရှင်ခေမာစာရာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄၀။ ပလ္လင်အမှတ် (၂၄၈) အရှင်ကောမလာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄၁။ ပလ္လင်အမှတ် (၂၅၁) အရှင်ဉာဏိကာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ ရွှေဒါးတောရကျောင်းတိုက်၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
၄၂။ ပလ္လင်အမှတ် (၂၅၂) အရှင်နန္ဒသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄၃။ ပလ္လင်အမှတ် (၂၅၄) အရှင်ဝဏ္ဏိတ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄၄။ ပလ္လင်အမှတ် (၂၅၆) အရှင်အသောကာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄၅။ ပလ္လင်အမှတ် (၂၅၇) အရှင်ပညာနန္ဒ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွှာင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၄၆။ ပလ္လင်အမှတ် (၂၆၀) အရှင်သောဘန၊ အသက်(၂၅)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

| | |
|---|---|
| ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ | ဘဒ္ဒန္တဥ္စေယျာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) | (အဂ္ဂမဟာပဏ္ဍိတ) |
| ဒုတိယဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

**တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့ ရွာ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ပဲခူး ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းပြုလုပ်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ပန်းလှိုင်ကျုံးရိုးတန်းလမ်းဘေးဝဲယာ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အဦများ၊ ဌာနဆိုင်ရာရုံးများ၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်တို့တွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစုအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မုံရွာမြို့၌ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး

**မုံရွာ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၃ ရက်က မုံရွာမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူငယ်ကဏ္ဍခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေကန်များအား သန့်ရှင်းရေးနှင့် ကန်များ ရေဖြည့်တင်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

❖ *ကျောဖုံးမှ*

ရခိုင်ယူနိုက်တက် အသင်းသည် အမှတ်လိုနေသဖြင့် ရှုန်းကန်ခဲ့သော်လည်း ပယ်နယ်တီမှတစ်ဆင့် ဂိုးပေးလိုက်ရပြီး နောက်ပိုင်းငါးဂိုးအထိပေးခဲ့ရကာ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၇ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရန်ကျော်ထွေးက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဆက်တိုက်ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၃၈၊ ၆၇ မိနစ်တွင် ရန်ကျော်ထွေး၊ ၇၃ မိနစ်တွင် ဥက္ကာနိုင်၊ ၇၉ မိနစ်တွင် အောင်မျိုးခန့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ရန်ကျော်ထွေးက ရရှိသည်။ ပွဲစဉ် (၁၇) တတိယနေ့အဖြစ် ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❍ *ကျောဖုံးမှ*

ဆာဘယ်လင်ကာကို ၆-၃၊ ၂-၆ ရလဒ်ဖြင့် နိုင်ပွဲရယူကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် နာမည်ကြီးတင်းနစ်မယ်များကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

၎င်းသည် ဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆာဘယ်လင်ကာကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ဩစတြေးလျအိုးပင်းဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ မက်ဒီဆင်သည် ၂၀၁၉ ခုနှစ်က ကုဇနက်ဆိုဗာ နောက်ပိုင်း ဂရင်းဆလမ်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် နံပါတ်တစ်နှင့် နံပါတ်နှစ်တင်းနစ်မယ်တို့ကို နိုင်ပွဲရယူနိုင်သည့် ပထမဆုံး တင်းနစ်မယ် ဖြစ်လာခဲ့သည်။

**အောင်ဇော်**

❊ *ကျောဖုံးမှ*

မင်္ဂလာဒုံစီးတီးအသင်းက Golden Light United အသင်းကို လေးဂိုး-တစ်ဂိုး၊ Southern Yangon Star အသင်းက Yangon Focus အသင်းကို သုံးဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ညနေပိုင်းကျင်းပသည့်ပွဲစဉ်များတွင် မြသီတာအသင်းက The Honour အသင်းကို သုံးဂိုး - တစ်ဂိုး၊ အာသာဝတီ အသင်းက Burmese Youths အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၃) ဒုတိယနေ့ကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်း၊ ရွှိုင်ရယ်ရန်ကုန်အသင်းနှင့် Mar Rein အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ- MFF**

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၅**
တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ ၁၁၉ နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၁၁၉ နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အား ပြည်တွင်း ပြည်ပ ဧည့်သည်များ စိတ်ချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟစနစ် နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာတိုးပွားစေရန်၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာ လေ့လာမှုနှင့် သုတေသနများဆောင်ရွက်နိုင်စေရန်၊ မျိုးသုဉ်းမည့်အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်များ မျိုးဆက်ပြန့်ပွားစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပြသပေးလျက်ရှိကြောင်း၊ ဥယျာဉ်အတွင်း နို့တိုက်သတ္တဝါ ၄၄ မျိုး၊ ကျေးငှက် ၇၁ မျိုး၊ တွားသွားသတ္တဝါ ၂၀ စုစုပေါင်းမျိုးစိတ် ၁၃၅ မျိုးဖြင့် အကောင်ရေ ၁၄၀၀ အပြင် သဘာဝသမိုင်းပြတိုက်၊ ဆင်ပြတိုက်တို့ကိုလည်း ပြသပေးလျက်ရှိကြောင်း၊ ယခု ၁၁၉ နှစ်ပြည့်မြောက်ပြီဖြစ်သော တိရစ္ဆာန်ဥယျာဉ်သည် ဂုဏ်ယူစရာနေရာတစ်ခုဖြစ်သည့်အပြင် သဘာဝဂေဟစနစ်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရာနေရာ တစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာအဆင့်မီပြီး အဆင့်အတန်းမြင့်အောင် ဆက်လက်ဆောင်ရွက်သွားရန်နှင့် နောင်နှစ်ပေါင်းများစွာတိုင် အစွန့်ရှည်တည်တံ့စေရေး အားလုံးက ဝိုင်းဝန်း ထိန်းသိမ်းသွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိရစ္ဆာန်ဥယျာဉ်အတွင်း ပြကွက်တစ်ခုချင်းအလိုက် ပြသထားမှု၊ ဥယျာဉ်အတွင်း ၁၁၉ နှစ်ပြည့် အထိမ်းအမှတ်ပွဲတော် ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှုနှင့် ဥယျာဉ်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံဆိပ်ကမ်းမြို့နယ် ဒဂုံဆိပ်ကမ်းစက်မှုဇုန်ရှိ ရွှေသံသာဟိန်းသစ် အချောထည်စက်ရုံနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တောင်ဒဂုံစက်မှုဇုန် ၂ ရှိ Glorious Family ကြိမ်အချောထည်စက်ရုံများသို့ သွားရောက်၍ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**
စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ သိုလှောင်ဖြန့်ဖြူးရေးဌာနနှင့် ပြည်တွင်းထုတ် စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက ပြည်ထောင်စုနယ်မြေအတွင်း စက်သုံးဆီအရောင်းဆိုင်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချမှုရှိ မရှိ စစ်ဆေးကြပ်မတ်နေမှု၊ စက်သုံးဆီတင်ယာဉ်များကို ရှောင်တခင်စစ်ဆေးကြီးကြပ်မှု၊ အရောင်းဆိုင်များတွင် ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အချိန်အတွယ်ကိုက်ညီမှန်ကန်မှုရှိစေရေး Mobile Fuel Lab ဖြင့် စစ်ဆေးမှု၊ စက်သုံးဆီအရောင်းဆိုင်များရှိ ဝန်ထမ်းများအား သင်တန်းပို့ချမှုနှင့် ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးနှင့် အချိန်အတွယ်ကိုက်ညီမှန်ကန်မှုရှိစေရေး အမြဲမပြတ်စစ်ဆေးကြပ်မတ်သွားရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ပထမအဆင့်အနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီကို နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင် သုံးဆိုင်မှ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များအား ဖြန့်ဖြူးရောင်းချပေးခဲ့ပါကြောင်း၊ ယခုအခါ ပြည်သူများ၏တောင်းဆိုချက်အရ ဒုတိယအဆင့်အနေဖြင့် Ron 68 အသုံးပြုရန် သင့်လျော်သည့် အများပြည်သူပိုင်မော်တော်ယာဉ်များနှင့် ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်မော်တော်ယာဉ်များအား ယနေ့မှစတင်၍ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ကျယ်ပြန့်စွာဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရခြင်းကြောင့် သုံးစွဲသူများ၏ လူမှုစီးပွားရေးကို အထိုက်အလျောက် ကူညီပေးသွားနိုင်မည် ဖြစ်သဖြင့် ဝန်ထမ်းများက မိမိတို့အလုပ်တာဝန်အပေါ် စေတနာထား ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် သုံးစွဲသူများ၏အကြံပြုချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သိုလှောင်ဖြန့်ဖြူးရေးဌာနနှင့် စက်သုံးဆီအရောင်းဆိုင်အတွင်း ပြည်တွင်းထုတ်စက်သုံးဆီဖြန့်ဖြူးရောင်းချပေးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)၏ ရွှေရတုသဘင်နှင့် (၁၆)ကြိမ်မြောက် ညီလာခံဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၅**
မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း(ဗဟို)၏ ရွှေရတုသဘင်နှင့် (၁၆) ကြိမ်မြောက် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် အင်းယားလိပ်ဟိုတယ်ဝင်း Yangon Convention Center (YCC)၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယပါမောက္ခချုပ်များ၊ စာတမ်းဖတ်ပွဲသဘာပတိနှင့် အမှတ်ပေးဒိုင်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တိရစ္ဆာန်ဆေးကု ဆရာဝန် BVS ၊ BVSc ၅၆၇၂ ဦး၊ DVM ၁၀၈ ဦး စုစုပေါင်း ၅၇၈၀ အား မွေးထုတ်ပေးခဲ့ပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်အသင်းရာသက်ပန်အသင်းဝင် ၈၂၅ ဦး၊ ရိုးရိုး (သာမန်) အသင်းဝင် ၃၁၄၄ ဦးရှိသည့်အတွက် အသင်းဝင်တိရစ္ဆာန်ဆေးကု ဆရာဝန် စုစုပေါင်း ၄၀၆၉ ဦးရှိလာပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း အသင်း၏ ရည်ရွယ်ချက်၊ လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားသို့ အာရှတိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်းချုပ်ဥက္ကဋ္ဌ Dr. Juhung Hur ထံမှပေးပို့သော ဂုဏ်ပြုအမှာစကား Video Clip ကို ပြသပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များ အသင်း(ဗဟို)ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၁၉၇၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ လှုပ်ရှားဆောင်ရွက်ခဲ့မှုမှတ်တမ်း Video ၊ ပြခန်းများနှင့် သုတေသနပြုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မန္တလေးတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှု ISO–17025:2017 လက်မှတ်ရရှိရန် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ကြို့ကုန်းရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်ကူဖြစ်စေရန် အစားအစာ ဘေးကင်းလုံခြုံရေးအတွက် တင်သွင်း၊ တင်ပို့မည့်တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းအဆင့်ရရှိရန် (ISO/IEC 17025:2017) ဆောင်ရွက်နေမှု၊ တစ်သျှူးဗေဒဌာနစိတ်၊ ဗက်တီးရီးယားဗေဒဌာနစိတ်၊ ကပ်ပါးပိုးဗေဒဌာနစိတ်နှင့် ဇီဝဓာတုဗေဒဌာနစိတ်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ဒေါက်တာချာလီသန်း ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့သည် နေပြည်တော်ကောင်စီဝင်ဦးခင်မောင်လတ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ဓာတ်အားအမြန်ထုတ်လုပ်ပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံနှင့် စက်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် စက်ရုံအဆောက်အအုံအတွင်း အထပ်အလိုက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်ကြီးများနှင့် ဆက်စပ်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဓာတ်အားပေးစက်များ ပြန်လည်လည်ပတ်နိုင်ရေး စက်မှုနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ စမ်းသပ်စစ်ဆေးတိုင်းတာနေမှု၊ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် အပူပေးပြီး ရေငွေ့များ စုပ်ထုတ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများရောက်ရှိပါက စတင်တပ်ဆင်နိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိရန်၊ ဆောင်ရွက်ပြီးနေရာများကို စနစ်တကျထိန်းသိမ်းထားရှိသွားရန် မှာကြားသည်။

ထို့နောက် ရေလှောင်တမံရှေ့ရပ်သို့ရောက်ရှိပြီး တမံအတွင်းရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ တမံ၏ ကြံ့ခိုင်မှုအခြေအနေတို့ကိုလည်းကောင်း၊ စက်ရုံအတွင်းသို့ ရေဝင်ရောက်ခဲ့သည့်အရှိန်ကြောင့် စက်ရုံရေထွက်မြောင်း (Tailrace Channel) နှင့် ခရုပတ်ခွေ (Spiral Casing)များအတွင်း ရွှံ့ညွန်သဲနုန်းနှင့် ကျောက်တုံးများ ဝင်ရောက်ပိတ်ဆို့မှု ဖြစ်ပေါ်ခဲ့သဖြင့် ရေထွက်မြောင်းရှေ့တွင် ယာယီရေတားတမံတည်ဆောက်ခြင်း၊ ရေထွက်မြောင်းအတွင်းမှ ရေများကို အင်ဂျင်တပ်ရေစုပ်ပန့်များဖြင့်စုပ်ယူ၍ ရေစစ်ကန်သို့ပေးပို့ခြင်း၊ ရေစစ်ကန်မှ ယာယီရေတားတမံအပြင်သို့ စွန့်ထုတ်ခြင်းဆောင်ရွက်နေမှု၊ ရေထွက်ပေါက်အဝရှိ ရွှံ့ညွန်သဲနုန်းနှင့် ကျောက်တုံးများကို လူအင်အားဖြင့် ခက်ခက်ခဲခဲ ရှင်းလင်းတူးထုတ်နေရမှုအခြေအနေနှင့် Botton Outlet မှ ရေထုတ်ပြီး အောက်ပေါင်းလောင်းစက်ရုံသို့ ရေပေးပို့နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ စက်ရုံချဉ်းကပ်လမ်း ပြန်လည်တည်ဆောက်ခြင်းနှင့် ကမ်းပါးများ မြစ်ရေတိုက်စားမှုမှကာကွယ်နိုင်ရန် ကျောက်ကြီးကာရံခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် ၇၀ မဂ္ဂါဝပ်နှစ်လုံးဖြင့် စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ကို ၂၀၁၄ ခုနှစ်တွင် အထက်ပေါင်းလောင်း - နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အား ကွန်ရက်စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာသီမှန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်း၍ တမံအတွင်း ရေဝင်ရောက်မှုများပြားပြီး ရေပိုလွှဲအထက်မှ ပေ ၂၀ ကျော် ရေလျှံကျ၍ စက်ရုံမြေအောက်ထပ်များအားလုံး ရေနစ်မြုပ်ခဲ့သည့်အတွက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများရပ်နားခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယာယီရေတားတမံ တည်ဆောက်ခြင်းနှင့် စက်ရုံရေထုတ်မြောင်းအတွင်းမှ ရေစုပ်ထုတ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများနှင့် ပြင်ဆင်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပြပွဲနှင့် ပြိုင်ပွဲကျင်းပမည့် တပေါင်းကွင်းရှိ ယာယီရှင်းလင်းဆောင်၌ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ဆပ်ကော်မတီဥက္ကဋ္ဌများက MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် MSME ထုတ်ကုန်များခင်းကျင်းပြသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေစဉ်အတွင်း လိုအပ်ချက်များရှိပါက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဆပ်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များအား တာဝန်ချထားရမည်ဖြစ်ကြောင်း၊ ရိုးရာစားသောက်ဆိုင်ခန်းများတွင် ရောင်းချသည့်အစားအသောက်များသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်မှုရှိစေရေးနှင့် စီးပွားရေးချိတ်ဆက်မှု အခမ်းအနားများကျင်းပနိုင်ရန် ပါဝင်ဆွေးနွေးမည့် ပညာရှင်များအား ချိတ်ဆက်ရေးတို့ကို ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဆုရွေးချယ်ရေးနှင့်ပတ်သက်၍ အငြင်းပွားမှုများမဖြစ်ပေါ်စေရေးအတွက် သတ်မှတ်အမှတ်ပေးစည်းမျဉ်းများကို ကြိုတင်ဖြန့်ဝေထားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၌ နဖူးစည်းစာတန်းများ ချိတ်ဆွဲရာတွင် တစ်ပြေးညီဖြစ်စေရေး ကြိုတင်ညှိနှိုင်းထားရှိပြီးဖြစ်၍ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပခြင်းဖြစ်၍ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



ထို့နောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးပြီး ပြခန်းများဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် စီမံဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၌ နဝမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ

**သန်လျင် ဇန်နဝါရီ ၂၅**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၏ ၂၀၁၂-




၂၀၁၂ ပညာသင်နှစ်နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်များအတွက် နဝမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အစီအစဉ်နှစ်ရပ်ဖြင့်ကျင်းပခဲ့ပြီး ပထမပိုင်းအခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် အထူးပြု ဘာသာရပ်အလိုက် မဟာဘွဲ့သင်တန်းတွင် အမှတ်အများဆုံးရရှိသော ကျောင်းသားကျောင်းသူများနှင့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကိုယ်စားပြု တက္ကသိုလ်လက်ရွေးစင် ဘောလုံး အားကစားသမား မောင်ဗိုဆန်းထွန်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် တက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူများအား ပါမောက္ခချုပ်က ဘွဲ့လက်မှတ်အပ်နှင်းခြင်း (ဓါတ်ပုံ) နှင့် ဘွဲ့နှင်းသဘင် မိန့်ခွန်း ပြောကြားသည်။

အဆိုပါ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မဟာဘွဲ့ ၂၀၊ ဘွဲ့လွန်ဒီပလိုမာ လေးဦး၊ အထူးပြု ဘာသာရပ်များအလိုက် စီးပွားရေး သိပ္ပံဘွဲ့ရရှိသူ ၁၃၅ ဦး၊ Advanced Diploma in Business Management ဒီပလိုမာ လက်မှတ်ရ ၁၇ ဦး၊ Higher Diplomain Business Management ဒီပလိုမာလက်မှတ်ရ ၁၀ ဦး၊ စုစုပေါင်းတက်ရောက်ဘွဲ့ယူသူနှင့် ဒီပလိုမာလက်မှတ်ယူသူ ၁၈၆ ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ ၅၈ ဦး၊ အဝေးရောက်ဒီပလိုမာလက်မှတ်ယူသူ ၄၈ ဦးတို့အား လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

လယ်ဝေး ဇန်နဝါရီ ၂၅

**နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၄ ရက်က လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနှင့် ဆင်ဆိပ်ကျေးရွာတို့တွင် ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေးများ ထိုးနှံနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။**



နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဆင်ဆိပ်ကျေးရွာနှင့် သစ်ဆိမ့်ပင်ကျေးရွာတို့တွင် ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဝင်းဦးက မြို့နယ်အတွင်း ကျွဲ၊ နွား ခွာနာ၊ လျှာနာရောဂါ ထိန်းချုပ်ရေးဇုန်ဖြစ်စေရေးအတွက် ကာကွယ်ဆေးများ ထိုးနှံနေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ လယ်ဝေးမြို့နယ်အတွင်း ကျွဲ၊ နွား ကောင်ရေ ၂၅၀၀၀ အား ခွာနာ၊ လျှာနာ ရောဂါကာကွယ်ဆေးထိုးနှံရန် လျာထားပြီး ဇန်နဝါရီ ၂၀ မှ ၂၉ ရက်အထိ ထိုးနှံမည်ဖြစ်ရာ ယနေ့အထိ ကျွဲ၊ နွား ကောင်ရေ ၈၁၉၇ ကောင် ထိုးနှံပြီးဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းကျေးရွာနှင့် ဗောဓိကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းများ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုများကို အားပေးကြည့်ရှုသည်။ ထို့နောက် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းဖြစ်စေရေး၊ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားပြီး ကျောင်းစာကြည့်တိုက်သို့ သုတရသစာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဆွေးနွေး

**ကျိုင်းတုံ ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ မှုခင်းလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲမှုကျဆင်းရေးနှင့် လူကုန်ကူးမှု မရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)မှ ရဲမှူးကြီး သန့်ဇင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)အဖွဲ့ဝင်-၂ ဦးမင်းညို၊ အဖွဲ့ဝင် ဦးလုကာနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးစိုင်းဆမ်တစ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် ကျိုင်းတုံခရိုင် ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီး အောင်မြင့်ကြည်၊ အမှတ်(၇) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန်းအောင်နှင့် အမှတ်(၁၈) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ကျိုင်းတုံ)မှ ဒုတိယရဲမှူး အောင်ကျော်ဇင်တို့က ဒေသအတွင်း မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ BAR၊ KTV များတွင် မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲမှုနှင့် လူကုန်ကူးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပြစ်မှု/ပြစ်ဒဏ်များအကြောင်း BAR၊ KTV ဆိုင်ပိုင်ရှင်/ တာဝန်ခံများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အသိပညာပေး ဆွေးနွေးကြသည်။(ဝဲပုံ)

ထို့နောက် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ)က မှုခင်းများ ဖော်ထုတ်အရေးယူဆောင်ရွက်ပေးနေမှုနှင့် မှုခင်းလျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း ဖြည့်စွက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**



## ကျောက်ဆည်မြို့နယ်၌ ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲကို ဇန်နဝါရီ ၂၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဓာတ်မြေဩဇာ သယ်ယူဖြန့်ဖြူးရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုခုနစ်အုပ်စုမှ နွေစပါးနှင့် နွေနှမ်းစိုက်ပျိုးမည့်တောင်သူများ တက်ရောက်ကြသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက အမှာစကားနှင့် နိုင်ငံတော်မှ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းဖြင့် တစ်ဧကအထွက်နှုန်းများ တိုးတက် လာစေရန်၊ ပန်းတိုင်အထွက်နှုန်းများ ရရှိလာစေရန်၊ စိုက်ဧကများ တိုးချဲ့လာနိုင်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံ့စီးပွားရန်ပုံငွေများ ထူထောင်နိုင်ရန်နှင့် တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တောင်သူများအား ဓာတ်မြေဩဇာရောင်းချပေးသည်။ ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ နွေရာသီတွင် နွေစပါး ဧက ၁၉၉၈၀ နှင့် နွေနှမ်း ဧက ၂၉၀၀၀ စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မောင်ကျော်ကြီး**

## ပန်းတနော်မြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ပန်းတနော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၅ ရက်က မြို့ကွက်သစ်ရပ်ကွက် မာလာရိုးတံတားထိပ်၊ ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ ရွှေဝါဝင်း(၂) စိုက်ပျိုးရေးဆေးနှင့် လယ်ယာသုံးစက်ပစ္စည်းအရောင်းဆိုင်အပါအဝင် အမိုနီယမ်နိုက်ထရိတ်နှင့် ဆက်စပ်သည့် ဓာတုဗေဒလုပ်ငန်းများ၊ အမိုနီယမ်နိုက်ထရိတ် ပါဝင်သည့် ဓာတ်မြေဩဇာလုပ်ငန်းများကို မီးလောင်ပေါက်ကွဲသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားမှုမရှိစေရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## အုတ်ဖိုမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော



**အုတ်ဖို ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အထက အုတ်ဖို ရောခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်ကိုတို့က အမှာစကားပြောကြားကာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်စုဟန်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် အုတ်ဖိုမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဝင်းဇော်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပြီး အခမ်းအနားသို့တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**



လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြိုင်၊ အမှုဆောင်အရာရှိ ဦးဝင်းစန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ၊ ရေပုံး၊ သဲပုံးများ၊ မီးချိတ်မီးကပ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု ရှိ မရှိကို ဇန်နဝါရီ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ အောင်ဆင့်

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောမီးကြောင့် ပျက်စီးသွားသည့် နေရာများသို့ ထရမ့်သွားရောက်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကယ်လီဖိုးနီးယားပြည်နယ်ရှိ တောမီးကြောင့် ပျက်စီးသွားသည့်နေရာများကို သွားရောက်ခဲ့ပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီရန် ကြိုးပမ်းသွားမည်ဟု ကတိပြုခဲ့သည်။

လော့စ်အိန်ဂျလိစ်မြို့ ဆင်ခြေဖုံး၌ ဇန်နဝါရီ ၇ ရက်က တောမီးစတင်လောင်သည့် အချိန်မှ စတင်ကာ သေဆုံးသူ ၂၈ ဦးအထိ ရှိပြီဖြစ်သည်။ တောမီးအများအပြားကို ငြိမ်းသတ်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၂ ရက်က တောမီးအသစ် ထပ်မံလောင်ခဲ့သည်။

အမေရိကန်သမ္မတ ထရမ့်သည် တောမီးကြောင့် ပျက်စီးခဲ့သည့်နေရာများသို့ ဇန်နဝါရီ ၂၄ ရက်က သွားရောက်ကာ ဒေသခံများကြုံတွေ့နေရသည့် စကားသံများကို နားထောင်ခဲ့ပြီး တောမီးငြိမ်းသတ်သည့် မီးသတ်သမားများကို အားပေးစကား ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယား၏ ဒီမိုကရက်တစ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆမ်နှင့် သမ္မတဟောင်း ဂျိုးဘိုင်ဒင်တို့ကို တောမီးတုံ့ပြန်မှုနှင့် ပတ်သက်၍ ထရမ့်က ထပ်ခါတလဲလဲ ဝေဖန်ခဲ့သည်။

ထရမ့်သည် ဇန်နဝါရီ ၂၀ ရက်က သမ္မတတာဝန်စတင်ထမ်းဆောင်ပြီးနောက် သဘာဝဘေးအန္တရာယ်ဖုန်သို့ သွားရောက်ခြင်းဖြင့် ၎င်း၏ အကျပ်အတည်းစီမံခန့်ခွဲမှုစွမ်းရည်နှင့် စာနာထောက်ထားမှုကို ပြသရန် ရည်ရွယ်ထားကြောင်း လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဇနီး မယ်လာနီယာထရမ့်တို့ တောမီးကြောင့် ပျက်စီးသွားသည့်နေရာများသို့ ဇန်နဝါရီ ၂၄ ရက်က သွားရောက်စဉ်။

# ဟားမားစ်က အစ္စရေးစားစခံ အမျိုးသမီးတပ်ဖွဲ့ဝင် လေးဦးကို ထပ်မံလွှတ်ပေး

**အစ္စရေးဓားစာခံ လွှတ်ပေးသူအရေအတွက် ခုနစ်ဦး ရှိလာ**

**ဂျေရုဆလင် ဇန်နဝါရီ ၂၅**

အစ္စလာမ္မစ်အဖွဲ့ ဟားမားစ်တို့က အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု တစ်စိတ်တစ်ပိုင်းအဖြစ် ဇန်နဝါရီ ၂၅ ရက်တွင် အစ္စရေးဓားစာခံ လေးဦးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဟားမားစ်နှင့် အစ္စရေးတို့ကြား ဓားစာခံ - အကျဉ်းသားလဲလှယ်ရေး သဘောတူညီချက်အရ အစ္စရေးအမျိုးသမီးတပ်ဖွဲ့ဝင် လေးဦးကို လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ဓားစာခံ လွှတ်ပေးလိုက်ခြင်းမှာ ဇန်နဝါရီ ၁၉ ရက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု စတင်အသက်ဝင်ပြီးနောက် ဒုတိယအကြိမ်မြောက် လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ထိုအချိန်မှစတင်ကာ အစ္စရေးဓားစာခံ လွှတ်ပေးသူအရေအတွက် ခုနစ်ဦးရှိလာပြီဖြစ်သည်။




ဟားမားစ်အဖွဲ့က အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီထံ မလွှဲပြောင်းမီ အစ္စရေးဓားစာခံ အမျိုးသမီး တပ်ဖွဲ့ဝင် လေးဦးကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ်။

နှစ်ဖက်အကြားပဋိပက္ခဖြစ်ပွားမှုကို အဆုံးသတ်ရန် ရည်ရွယ်ပြီး သီတင်းခြောက်ပတ်ကြာ ပစ်ခတ်တိုက်ခိုက်မှု ရပ်နားထားစဉ်အတွင်း ဟားမားစ်အဖွဲ့က ဓားစာခံ ၃၃ ဦးကို အဆင့်လိုက် လွှတ်ပေးသွားမည် ဖြစ်သည်။

အစ္စရေးက အကျဉ်းထောင်အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းထားသော ပါလက်စတိုင်း ၂၀၀ ခန့်ကို ဇန်နဝါရီ ၂၅ ရက်တွင် လွှတ်ပေးလိုက်ကြောင်း သိရသည်။ အစ္စရေးတပ်မတော်နှင့် အခြားသတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ အဆိုပါ ဖမ်းဆီးခံ အစ္စရေးအမျိုးသမီး တပ်ဖွဲ့ဝင် လေးဦးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီထံ ဇန်နဝါရီ ၂၅ ရက်တွင် လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ အနှောင့်အယှက်ဖြစ်

**ဘန်ကောက် ဇန်နဝါရီ ၂၅**

လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာခြင်းကြောင့် ဘန်ကောက်မြို့၌ စာသင်ကျောင်းများ ပိတ်ထားရကြောင်း၊ ပြည်သူများအနေဖြင့် နေအိမ်မှသာ အလုပ်လုပ်ကြရန်နှင့် အပြင်ထွက် သွားလာလှုပ်ရှားမှုများကို ရှောင်ရှားကြရန် အစိုးရကတောင်းဆိုထားကြောင်း၊ လေထုအရည်အသွေး ကျဆင်းနေခြင်းမှာ ဘန်ကောက်မြို့တစ်မြို့တည်းမဟုတ်ကြောင်း သိရသည်။

အဆိုပါ လေထုညစ်ညမ်းမှုသည် ယာဉ်များမှထွက်သည့် မီးခိုးငွေ့များနှင့် စိုက်ပျိုးမြေ များမီးရှို့ရာမှ ထွက်လာသည့် မီးခိုးငွေ့များကြောင့် လေထုအရည်အသွေး ကျဆင်းရခြင်းဖြစ်သည်ဟု ယူဆကြသည်။ ဇန်နဝါရီ ၂၄ ရက်တွင် စာသင်ကျောင်းပေါင်း ၃၀၀ ကျော် ပိတ်ထားရသည်ဟု ဘန်ကောက်မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ပြောသည်။

နေထွက်လာသည့်အချိန်တွင်ပင် တိမ်ထူထပ်နေပြီး မီးခိုးငွေ့များနှင့် ဖုံးလွှမ်းနေသည်ဟု အမျိုးသမီးတစ်ဦးက ပြောသည်။ မီးခိုးငွေ့ထုတ်လွှတ်မှုကို တားဆီးရန် ဘန်ကောက်ရှိ အာဏာပိုင်များက အစီအမံများ ချမှတ်ထားသည်။

မြို့တော်ဒေသအနှံ့အပြားတွင် မော်တော်ကားကြီးများ ဝင်ထွက်ခွင့်ကို ကန့်သတ်ထားသည်။ ဇန်နဝါရီ ၂၅ ရက်မှစတင်၍ အများပြည်သူသယ်ယူပို့ဆောင်ရေးကို အခမဲ့ဖြင့် တစ်ပတ်တာ ပြုလုပ်ပေးထားသည်။ လာမည့်သီတင်းပတ်တွင် လေထုညစ်ညမ်းမှု ပြေလျော့သွားမည်ဟု အာဏာပိုင်များက ပြောသည်။ သို့သော်လည်း မြူခိုးများအန္တရာယ်မှ ကာကွယ်ရန် ပြည်သူများကို သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**

# ဇင်ဘာဘွေနိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် ၂၄ ဦးသေဆုံး

**ဟာရဲ ဇန်နဝါရီ ၂၅**

ဇင်ဘာဘွေနိုင်ငံ၌ ပြီးခဲ့သည့် အောက်တိုဘာလ မိုးရာသီကာလ စတင်သည့် အချိန်မှစကာ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့်စုစုပေါင်း ၂၄ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိကြောင်း နိုင်ငံ၏ အရပ်ဘက်ကာကွယ်ရေးဌာန(ဒီစီပီ) က ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း မိုးရာသီပထမတစ်ဝက်အတွင်း မိုးရွာသွန်းမှုမှာ ပျမ်းမျှအောက် ကြုံတွေ့ခဲ့ရပြီးနောက် ဇင်ဘာဘွေနိုင်ငံ၌ ဇန်နဝါရီလမှစကာ နိုင်ငံတစ်ဝန်း သိသိသာသာ မိုးရွာသွန်းမှုကို စံချိန်တင်ခဲ့ရာ ရေကြီးနစ်မြုပ်ခြင်း အပါအဝင် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရာနှင့်ချီသည့် အိမ်ထောင်စုများ ထိခိုက်ခံစားရပြီး စာသင်ကျောင်းများ၊ ကျန်းမာရေးအဆောက်အအုံများ၊ လမ်းများ၊ တံတားများ၊ ဆည်များ၊ လျှပ်စစ်မီးတိုင်များနှင့် ဆည်မြောင်းစနစ်စီမံချက်များ အပါအဝင် အရေးကြီးသည့် အများပြည်သူ အဆောက်အအုံများကို ပျက်စီးစေခဲ့ကြောင်း၊ အောက်တိုဘာလမှစကာ အိမ်ထောင်စု ၉၈၃ စု၊ စာသင်ကျောင်း ၁၂၉ ကျောင်းနှင့် ကျန်းမာရေးအဆောက်အအုံ ၁၃ ခု ပျက်စီးခဲ့ကြောင်း ဒီစီပီက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်၌ ကုသမှုခံယူပြီးနောက် မူးယစ်ဆေးဝါးသုံးစွဲသူ ၁၆၉ ဦးကို မိသားစုနှင့် ပြန်လည်ပေါင်းစည်းပေး

**ကဘူးလ် ဇန်နဝါရီ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟီရတ်ပြည်နယ်ရှိ ပြန်လည်ထူထောင်ရေးစင်တာတစ်ခု၌ မူးယစ်ဆေးဝါးသုံးစွဲသူ ၁၆၉ ဦးမှာ ကုသမှုခံယူပြီးနောက် အပြည့်အဝ ပြန်လည်ကောင်းမွန်လာသောကြောင့် ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၂ ရက်က ပြောသည်။

မူးယစ်ဆေးဝါးသုံးစွဲသူ ၁၀၀၀ ခန့်မှာ နိုဝင်ဘာလနှောင်းပိုင်းတွင် ပြန်လည်ထူထောင်ရေးစင်တာ၌ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ကောင်းမွန်လာပြီး မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းပေးခဲ့ကြောင်း သိရသည်။

အာဖဂန်အိမ်စောင့်အစိုးရသည် ဆင်းရဲနွမ်းပါးသည့် နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးနှင့်ဆက်စပ်သည့် ဆိုးကျိုးအန္တရာယ်များနှင့် ဆေးစွဲနေသည့် ကိစ္စရပ်များကို တိုက်ဖျက်ရေးအတွက် ဘိန်းပင်စိုက်ပျိုးခြင်းနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်းကို တားမြစ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ငွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် တွေ့ဆုံဆွေးနွေး

**မိတ္ထီလာ ဇန်နဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် မိတ္ထီလာမြို့နယ်အတွင်းရှိ ငွေ့ကြီး- တည်ပင်ကုန်း-ညောင်ပင်ကုန်း- ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားရန်အတွက် ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၂၄ ရက်က ငွေ့ကြီးကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လမ်းဦးစီးဌာနကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွန်းထွန်းနိုင်က မိတ္ထီလာမြို့ရှောင်လမ်းကို ထိပ်ဝ အကျယ် ပေ ၄၀ မြေသားတာပေါင်တည်ဆောက်ရန်အတွက် ပေ ၈၀ အကျယ် လမ်းနယ်ရရှိရေးအတွက် တင်ပြဆွေးနွေးပြီး မိတ္ထီလာခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ထွန်းတို့က မြို့ရှောင်လမ်းဖောက်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းနောက် မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် လမ်းနယ်အဖြစ်ပါဝင်မည့် မြင်းကန်၊ ခင်တဲ၊ ကန်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းထားမှုအခြေအနေနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီး ဝန်ကြီး ဦးအောင်ဇော်ဦးက မိတ္ထီလာမြို့နယ်အတွင်းရှိ ငွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းအား မိတ္ထီလာမြို့ရှောင်လမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းမြို့ရှောင်လမ်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့၏ ယာမြေများမှ ဖြတ်သန်းတည်ဆောက်သွားမည့်အခြေအနေနှင့် မြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ လယ်ယာထွက်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေမည်ဖြစ်၍ ကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူမည်ဖြစ်ကြောင်း၊



ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက မိမိတို့ကျေးရွာများမှ ဒေသခံပြည်သူများအား နားလည်လက်ခံလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

အဆိုပါမြို့ရှောင်လမ်းအဖြစ် တည်ဆောက်မည့် ငွေ့ကြီး-တည်ပင်ကုန်း-ညောင်ပင်ကုန်း-ကန်တောင်လမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် မူလလမ်းအရှည် ၁၀ မိုင်ရှိသည့်လမ်းကို လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ (ရုံးချုပ်)မှ တိုင်းတာပုံ ထုတ်ပေးထားသော ဒီဇိုင်းပုံစံအရ ၈ မိုင် ၃ ဖာလုံ ၇၁ ပေ အရှည်ရှိ လမ်းအူကြောင်းတစ်ခုဖြစ်သည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

■ *ကျောဖုံးမှ*

မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၁၂၈ လမ်းနှင့် ၁၂၉ လမ်းကြား၊ ၆၀ လမ်းရှိ Blue Moon ဘီယာဆိုင်၌လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်ကြသော အောင်ကိုမင်း (၂၀ နှစ်)နှင့် အောင်သူရကျော်(ခ) ကိုချစ်(၁၈ နှစ်)တို့နှစ်ဦးအား မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၁၂၉ လမ်းနှင့် ၁၃၀ လမ်းကြား၊ ၅၄ လမ်းရှိ အအေးဆိုင်၌လည်းကောင်း၊ ၎င်းတို့ လုယက်ယူဆောင်ထားသည့် CANDA CZI အမျိုးအစား ဆိုင်ကယ်တစ်စီး၊ HONDA Click 2018–125 အမျိုးအစား ဆိုင်ကယ် တစ်စီး၊ Cyclone YUNDE–110 အမျိုးအစား ဆိုင်ကယ် တစ်စီးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိတရားခံ မင်းထက်ပါ ခြောက်ဦးတို့သည် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆိုင်ကယ်လုယက်မှု နှစ်ကြိမ်၊ စက်တင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်၊ အောက်တိုဘာလအတွင်း ဆိုင်ကယ်လုယက်မှု ခြောက်ကြိမ်၊ နိုဝင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ်၊ ဒီဇင်ဘာလအတွင်း ဆိုင်ကယ်လုယက်မှု တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ဆိုင်ကယ်လုယက်မှု လေးကြိမ် အုပ်စုဖွဲ့၍ ဆိုင်ကယ်လုယက်မှုပေါင်း ၂၁ ကြိမ် ကျူးလွန်ခဲ့ကြကြောင်း ကနဦးဖော်ထုတ် သိရှိရသည်။

လုယက်မှုကျူးလွန်ရာမှ ရရှိသည့်ဆိုင်ကယ်များအား ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ပြည်ကြီးတံခွန်မြို့နယ်နေ ဇော်ထက်(ခ)ဝက်စုတ်(စိစစ်ဆဲ)နှင့် မြစ်ငယ်မြို့နယ်နေ ကုလားကြီး(စိစစ်ဆဲ)တို့ နှစ်ဦးထံ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ချိန်းဆိုခေါ်ယူရောင်းချခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုများမှ သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းရမိနိုင်ရေးနှင့် လက်ခံဝယ်ယူသူ ဖမ်းဆီးရန်ကျန်တရားခံ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ထပ်မံကျူးလွန်ထားသည့် ပြစ်မှုများ ရှိ၊ မရှိ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား အုပ်စုဖွဲ့၍ ဆိုင်ကယ်များ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့ကြသူများဖြစ်သည့် ဖမ်းဆီးရမိတရားခံ မင်းထက်၊ ချမ်းမြေ့အောင်(ခ)ငချမ်း၊ အောင်ရဲငြိမ်း(ခ)ဖိုးငယ်၊ သန့်စင်(ခ)အောင်သန်းဦး(ခ) အောင်ကျော်၊ အောင်ကိုမင်း၊ အောင်သူရကျော်(ခ)ကိုချစ်တို့ ခြောက်ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ဇော်ထက်(ခ)ဝက်စုတ်နှင့် ကုလားကြီးတို့ နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူ ဒုစရိုက်မှုများ မဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှုသတင်းများအား တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**



## ပိုးသတ်ဆေးအရောင်းဆိုင်များ လိုက်နာရမည့် ဥပဒေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်း

**တောင်ငူ ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နတ်သျှင်နောင် အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တောင်ငူခရိုင်အတွင်းရှိ ပိုးသတ်ဆေး၊ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာအရောင်းဆိုင်များအား လိုက်နာရမည့် ဥပဒေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။



ထိုသို့ကျင်းပရာတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းအောင်ဆန်းမှ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့၊ မြေအသုံးချရေး၊ သီးနှံတာဝန်ခံများက အရောင်းဆိုင်များတွင် လိုက်နာရမည့် ဥပဒေ၊ ဥပဒေလုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက အရောင်းဆိုင်များတွင် လိုက်နာရမည့်ဥပဒေ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို ဖြည့်စွက်ဆွေးနွေးခြင်းနှင့် လိုအပ်သည်များမှာကြားပြီး ခရိုင်အတွင်းရှိ ပိုးသတ်ဆေး၊ မျိုးစေ့၊ ပျိုးပင်၊ မြေသြဇာအရောင်းဆိုင်များမှ စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။ **ဇော်ကိုကို (တောင်ငူ)**

## ကလောမြို့၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ကလော ဇန်နဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့ နံနက်ပိုင်းက ကလောတပ်နယ်စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသိန်းတို့ ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ချုံနွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)က ကျင်းပသည့် တတိယအကြိမ် MBC Professional Boxing ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ခြောက်ချီနှစ်ပွဲ၊ လေးချီ ကိုးပွဲ စုစုပေါင်း တွဲဆိုင်း ၁၁ ဆိုင်း ကျင်းပသည်။

အဆိုပါ ခြောက်ချီပြိုင်ပွဲများ၌ စူပါဖယ်သာဝိတ် ၅၈ ဒသမ ၉ ကီလိုတန်းတွင် နိုင်လတ်က ကျော်စွာမိုးကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ဖယ်သာဝိတ် ၅၇ ဒသမ ၁၅ ကီလိုတန်းတွင် ဂင့်ရှန်းမွှောင်က ယိန်းဖုံးကို ဒိုင်ပွဲရပ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

လေးချီပြိုင်ပွဲများတွင် ဖလိုင်းဝိတ် ၅၀ ဒသမ ၈ ကီလိုတန်းပြိုင်ပွဲများတွင် ဗန်လုနှင့် ရဲမိုးအောင်၊ ရဲမင်းအောင်နှင့် ဟိန်းသူညီညီ၊ အောင်သူထွန်းနှင့် ဖြိုးသူမောင်၊ စူပါဖယ်သာ ၅၈ ဒသမ ၉ ကီလိုတန်းများတွင် ထက်ဝင်းကျော်နှင့် ကျော်သူရ၊ ၇၂ ဒသမ ၅၇ ကီလိုတန်းတွင် နိုင်ဝင်းထွန်းနှင့် ကောင်းသန့်ဇင်၊ မျိုးခန့်ကျော်နှင့် အောင်မြင့်ဦး၊ ဖယ်သာဝိတ် ၅၇ ဒသမ ၁၅ ကီလိုတန်းများတွင် ကောင်းမြတ်ထွန်းနှင့် ဇိုင်းဒန့်အောင်၊ ကျော်ခန့်ဝင်းနှင့် ဟိန်းတေဇ၊ စူပါဝိတ် ၅၅ ဒသမ ၃၄ ကီလိုတန်းတွင် ဟိန်းမင်းနိုင်နှင့် အောင်ကောင်းမြတ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြသည်။

မြန်မာဘောက်ဆင်အဖွဲ့ချုပ်(MBC)အနေဖြင့် ပြီးခဲ့သော ၂၀၂၄ ခုနှစ်အတွင်း PBM1 နှင့် PBM2 ပွဲစဉ်များနှင့် ၂၀၂၅ ခုနှစ်(PBM 3)ကို ကျင်းပခဲ့ပြီး အလားအလာကောင်းမွန်သော ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကစားရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



ဖယ်သာဝိတ် ၅၇ ဒသမ ၁၅ ကီလိုတန်းတွင် ဂင့်ရှန်းမွှောင်နှင့် ယိန်းဖုံးတို့ ယှဉ်ပြိုင်စဉ်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇယ်နော ၁/ကမန(နိုင်)၀၅၈၀၆၂၏ ပတ်စ်ပို့ နံပါတ် (ME-573629) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၅၄၆၃၉၈၈

## ဖခင်တစ်ဦးတည်း ဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ မြစ်ကြီးနား တက္ကသိုလ် (အဝေးသင်) သမိုင်းမေဂျာ [၄-သ ၆၆(၀၀၈)]မဂျာဆိုင်း မိုင်၏ဖခင် ဦးဒန်အောင်(ခ) ဦးဒန်အောင်နော် ၁/တနန(နိုင်) ၀၀၂၇၇၁ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိ ရပ်ကွက်နေ (ဘ) ဦးသိန်းစိုး ၉/ငဇန(နိုင်)၀၈၉၂၆၀၏သား မောင်ကောင်းသျှင်းသန့်ဖော်အား မောင်ထက်ဇေယျာခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၁) Grade-8မှ မဝေါ်ဆန်းရီ ၏ မိဘအမည်မှန်မှာ ဦးအားဝူ ၁/ဝမန(နိုင်)၀၈၃၅၁၇ နှင့် ဒေါ်ယိန်းဆွမ့် ၁/မကန(နိုင်) ၁၃၇၉၄၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ် (၁၃)ရှိ တိုက်အမှတ်(၃၆)၊ အခန်း(၁)ကို ဒေါ်ခတ္တာမိုးမြင့်ဦး (ဘ)ဦးမြင့်ဦး ၁၂/ရကန(နိုင်)၀၇၇၅၅၀ မှ လက်ရှိ တရားဝင်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချစီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်တော်ဦးခေါင်လွန်း (ဘ)ဦးဇခေါင် ၁၃/ကမန(နိုင်)၀၀၄၁၁၆ မှ ဖော်ပြပါတိုက်ခန်းအားဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေ အနက်မှစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော သက်သေအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်တော့်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးခေါင်လွန်း**
**၁၃/ကမန(နိုင်)၀၀၄၁၁၆**
**တိုက်အမှတ်(၁၂၇)၊ အခန်း(၆)၊ ရန်နိုင်(၅)လမ်း၊ ရန်ကင်းမြို့နယ်၊**
**Ph-09-256 011627/ 403709882**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ် ရပ်ကွက်(က)၊ အိမ်အမှတ် ၂၇၇(ခ)နေ ဦးဇေထွန်း ၂/လကန(နိုင်) ၀၄၉၉၉၉၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၁၆-၁-၂၀၂၅ ရက်တွင် ဦးဇေထွန်းအနေဖြင့် လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်နေ ဦးလှဖေထံမှ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ကို ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ စာချုပ်တွင် ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ GTC လမ်း၊ နရ/၃၁၁၊ ဦးပိုင်အမှတ်(၃၃၄)၊ ဧရိယာ(၀.၁၁၀)၊ အလျားပေ (၆၀)အနံပေ(၈၀)ကို ကာလတန်ကြေးငွေကျပ်သိန်း(၁၉၀၀၀၀၀၀) (ကျပ်သိန်းတစ်ရာ့ကိုးဆယ်တိတိဖြင့်) ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်မှာ ဦးဇေထွန်းအနေဖြင့် တရားဝင်ပိုင်ဆိုင်ခဲ့ပြီး အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါ။ မည်သူမဆို ကန့်ကွက်လိုပါက အများသိစေရန်ကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇေထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးသင်း**
**အထက်တန်းရှေ့နေ (စဉ်-၁၀၆၃၃/၁၁-၁-၁၉၈၅)**
**မ/၃၂၊ မြသပိတ်ကျောင်းလမ်း ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၇၆၆၄၉၁၄၃၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တောင်ကြီးမြို့၊ ရေအေးကွင်း ရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ ဦးဖြိုးသူအောင် ၈/ရနခ(နိုင်)၁၀၉၄၅၆ ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ၂၃ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးသူအောင်နှင့် တောင်ကြီးမြို့၊ဘုရားဖြူရပ်ကွက်၊ ရေထွက်ဦးလမ်းနေ၊ ဦးခွန်သာလေးတို့ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် စာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ (၇)၊ ညောင်ပင်လမ်းသွယ် (၂)၊ ပေ၄၀x၆၀မြေကွက်ကို တန်ဖိုးငွေကျပ် သိန်း(၂၅၀၀၀၀၀၀)၊ ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိဖြင့် ဦးဖြိုးသူအောင်အနေဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်မှာ ဦးဖြိုးသူအောင်အနေဖြင့် တရားဝင်ပိုင်ဆိုင်ခဲ့ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းထားခြင်းမရှိပါ။ မည်သူမဆို ကန့်ကွက်လိုပါက အများသိစေရန် ကြေညာသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဖြိုးသူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးသင်း**
**အထက်တန်းရှေ့နေ (စဉ်-၁၀၆၃၃/၁၁-၁-၁၉၈၅)**
**မ/၃၂၊ မြသပိတ်ကျောင်းလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၇၆၆၄၉၁၄၃၆**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အမက(၁)မူလွန်ကျောင်း Grade-5 မှ မဝေါ်ဆန်းဂျာနှင့် Grade-3မှ မောင်ဝေါ်ဆန်းဒေးအောင် တို့၏ မိဘအမည်မှန်မှာ ဦးအားဝူ ၁/ဝမန(နိုင်)၀၈၃၅၁၇နှင့် ဒေါ်ယိန်းဆွမ့် ၁/မကန(နိုင်)၁၃၇၉၄၈ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၂၊ ဦးပိုင်အမှတ် (၄၇)/၅၈x၅၉လမ်းကြား၊ ၁၁၀x၁၁၁လမ်းကြားရှိ ဦးကျော်လွင်(ခ)လျှိုစင်စိန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးကျော်လွင်(ခ)လျှိုစင်စိန်း၊ မိခင် ဒေါ်ဥမ္မာ(ခ)ဒေါ်အမာ၊ သမီးဒေါ်မီမီစိမ်းတို့ ကွယ်လွန်၍ ကျန်ရစ်သူ သားများနှင့် သားမက်တို့ဖြစ်သော ဦးဝင်းလွင်ဦး ၉/မရတ(နိုင်)၀၀၁၄၈၉၊ ဦးမျိုးမင်းထွန်း ၉/မရတ(နိုင်)၀၀၁၄၉၀၊ ဦးသန့်ဇင်အောင် ၉/မရတ(နိုင်) ၁၃၀၉၃၁၊ ဦးအောင်လွင်ဦး ၁၃/လရန(နိုင်)၀၇၉၆၄၇တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ-၂၊ ဦးပိုင်အမှတ် (၄၈)/၅၉လမ်း၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဦးကျော်လွင်(ခ) လျှိုစင်စိန်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးကျော်လွင်(ခ) လျှိုစင်စိန်း၊ မိခင် ဒေါ်ဥမ္မာ(ခ)ဒေါ်အမာ၊ သမီး ဒေါ်မီမီစိမ်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားများနှင့် သားမက်တို့ဖြစ်သော ဦးဝင်းလွင်ဦး ၉/မရတ(နိုင်)၀၀၁၄၈၉၊ ဦးမျိုးမင်းထွန်း ၉/မရတ(နိုင်)၀၀၁၄၉၀၊ ဦးသန့်ဇင်အောင် ၉/မရတ(နိုင်) ၁၃၀၉၃၁၊ ဦးအောင်လွင်ဦး ၁၃/လရန(နိုင်)၀၇၉၆၄၇တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် ၁၇၆၊ ဦးပိုင်အမှတ် (၁၈-C)၊ ၂၆လမ်း၊ ၈၁x၈၂ လမ်းကြားရှိ ဒေါ်သန်းကြည် အမည်ပေါက်ဘိုးဘမြေကွက်အား ဖခင် ဦးခင်မောင်သန်း၊ မိခင် ဒေါ်သန်းကြည်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၇၇၉/၂၀၂၃)ဖြင့် ဦးသန်းနိုင်၊ ဒေါ်ဖြူဖြူသန်း၊ ဒေါ်နန္ဒာလင်းတို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့ ၃ ဦးအနက် ဒေါ်နန္ဒာလင်း၏ (GP ရရှိသူ ဦးနိုနို)ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၂၃၂၂/၂၀၂၃)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးသန်းနိုင်၊ ဒေါ်ဖြူဖြူသန်းတို့၏ (SP ရရှိသူ ဒေါ်မိုးနန္ဒာအေး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၂၆၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းစိုး ၅/ဟမလ(နိုင်) ၂၀၂၄၀၃က အမှုတွဲအမှတ် (၀၇၁၆/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၂/၂က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ(၀.၁၈၃) ဧကရှိ မြေကွက်သည် မူလက ဒေါ်မီးထုဘူ အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိနှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်ဒေါ်မီးထုဘူက (၂၉-၅-၂၀၂၃) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၆၄/၂၀၂၃)အရ မူလမြေဧရိယာ (၀.၁၈၃)ဧကအနက်မှ အနောက်ဘက်အခြမ်းဧရိယာ(၀.၀၉၁)ဧကကို ဦးပိုင်ခွဲစိတ်၍ ဦးဇော်ဆိုင်း၁/မကန(နိုင်)၁၃၃၅၁၆ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးဇော်ဆိုင်း အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂/၁က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၂၈)၊ မြေဧရိယာ(၀.၀၉၁) ဧကရှိ မြေကွက်သည် မူလက ဦးဖော်ရွယ်ယော်ထုန်အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးဖော်ရွယ်ယော်ထုန်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်မဂျီလုအောန်က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၂၄-၅-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၆၈/၂၀၂၄)အရ မူလမြေဧရိယာ(၀.၀၉၁)ဧကအနက်မှ တောင်ဘက်အခြမ်းဧရိယာ(၀.၀၄၅)ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးယော်ဆောင်း ၁/မကန(နိုင်)၀၉၁၀၃၀ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါ မြေကွက်အား ဦးယော်ဆောင်းအမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7058 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၈၊ ဦးပိုင်အမှတ် ၈၂-ခစင်းတောင်ခြမ်း၊ ၆၃x၆၄ကြား၊ ၁၃၃x၁၃၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်ဟိုး ၉/မရမ(နိုင်)၀၄၃၉၈၁၊ ဦးကျော်မျိုးထွန်း ၉/ပကခ(နိုင်)၀၁၂၉၄၀တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၈၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြိုး ၉/တတဥ(နိုင်)၀၈၇၉၁၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၁၈၊ ဦးပိုင်အမှတ် ၈၂ ခစင်းမြောက်ခြမ်း၊ ၆၃x၆၄ ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကျော်ဟိုး ၉/မရမ(နိုင်)၀၄၃၉၈၁၊ ဦးကျော်မျိုးထွန်း ၉/ပကခ(နိုင်)၀၁၂၉၄၀တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၆၈၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြိုး ၉/တတဥ(နိုင်)၀၈၇၉၁၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၄၁၅-န/၅၊ ဦးပိုင်အမှတ် ၄/ ၁၆x၁၇ကြား၊ ၈၈x၈၉လမ်းကြားရှိ ဒေါ်လှမြင့်အမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးကျော်ဆွေ၊ မိခင် ဒေါ်လှမြင့်တို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကြူကြူဆွေ ၉/ အမဇ(နိုင်)၀၀၇၈၉၀က ဂရန်စာချုပ်၊သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၂/၂က၊ စီတာပူတောင်)၊ဦးပိုင်အမှတ်(၁၀)၊ မြေဧရိယာ(၀.၁၈၃)ဧကရှိ မြေကွက်သည် မူလက ဒေါ်မီးထုဘူ အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်နေ့အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်ဒေါ်မီးထုဘူက (၂၉-၅-၂၀၂၃) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၆၅/၂၀၂၃)အရ မူလမြေဧရိယာ (၀.၁၈၃) ဧကအနက်မှ အရှေ့ဘက်အခြမ်းဧရိယာ (၀.၀၉၂)ဧကကို ဦးပိုင်ခွဲစိတ်၍ ဒေါ်နန်ဒွဲ ၁/မကန(နိုင်)၁၆၂၃၈၃ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နန်ဒွဲ အမည် ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၆-ခ/၂)၊ ဦးပိုင်အမှတ် (၉၁)၊ မြေဧရိယာ(၀.၂၃၄)ဧကရှိ မြေကွက်သည် မူလက ဦးမြင့်အောင်၊ ဒေါ်စန်းစန်း (၂)ဦးအမည်ဖြင့် (၂၃-၄-၂၀၁၅) ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်(၂)ဦးအနက်မှ ဦးမြင့်အောင်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏သားများဖြစ်သည့် ဦးသိန်းမြင့်စိုး၊ ဦးစိုးသန်းအောင်၊ ဦးစိုးသိန်းအောင်၊ ဦးထက်သူနှင့် ဂရန်ပူးတွဲအမည်ပေါက်သူဒေါ်စန်းစန်း(၅)ဦးတို့က တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မူလဧရိယာ(၀.၂၃၄)ဧက အနက်မှ တောင်ဘက်အခြမ်းဧရိယာ (၀.၁၄၆)ဧကအားဦးပိုင်ခွဲစိတ်၍ ဒေါ်စန်းစန်း ၁/မကန(နိုင်)၁၀၂၈၆၇က ၎င်း၏တူဖြစ်သူ ဦးသိန်းမြင့်စိုး ၁/မကန (နိုင်) ၁၂၆၄၉၃ အမည်ကိုပူးတွဲလျက် ဒေါ်စန်းစန်းပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/ အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်မဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်နှင့် မိခင်အမည်မှန်

တောင်ငူမြို့၊ အလက(ခွဲ)၊ (မြို့မ) G-4 (B) မှ မသွန်းရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးမင်းအောင် ၇/ညလပ(နိုင်)၁၀၈၉၉၉ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်တင်တင်ထွန်း ၇/တငန(နိုင်) ၀၉၈၅၇၆ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်-ဒေါ်တင်တင်ထွန်း**

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-10 တွင် ပညာသင်ကြားလျက်ရှိသည့် ဖခင် ဦးဝေသူရဖြိုး၏ သားဖြစ်သူ ဖုန်းပြည့်စုံသူ အမည်အား အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါရှိသော အမည်ဖြစ်သည့် ဘုန်းပြည့်စုံသူအမည်မှာ အမည်မှန် ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃) ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ရွှေဝတ်မှုံ အကွက်၊ ဦးပိုင်အမှတ် (၁၉-က)၊ ဧရိယာ (၀.၀၆၀)ဧကရှိမြေကို ဒေါ်ငြိမ်းငြိမ်းသူ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/45436, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၃/ဘအန(နိုင်) ၄၂၂၅၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/24324, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ငွေ ၃/ကကရ(နိုင်) ၀၁၃၀၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/61540,Honda Dream-125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်မွန် ၃/ဘအန (နိုင်) ၃၈၃၁၆၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(ဘားအံမြို့)**

## ဟိန္ဒူဘာသာဝင်များသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ရေဝေးဟိန္ဒူသုသာန်တွင် လွန်ခဲ့သော အနှစ် (၂၀)ကျော်ကာလက ဂူသွင်းမြှုပ်နှံတည်ဆောက်ခဲ့သော အုတ်ဂူများမှာ ယခုအချိန်တွင် ပြိုကျပျက်စီး ယိုယွင်းနေပြီး သုသာန်အင်္ဂါရပ်နှင့် ကိုက်ညီမှုမရှိ ဖြစ်ပေါ်လျက်ရှိနေပါသည်။

သို့ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ (၃၀-၁၀-၂၀၂၄) ရက်စွဲပါ စာအမှတ်-၂၆၅၃/၆၉၄၃/စည်ပင်-ပသ(ပဝထ)ပါ ရေဝေးဟိန္ဒူသုသာန်တွင်းရှိ A (6)ဟုခေါ်တွင်သော ရေချိုးဆောင်၏ အနောက်ဘက်အခြမ်းနှင့် A(9) ဟုခေါ်တွင်သော ရေချိုးဆောင်၏ အရှေ့ဘက်ခြမ်းတို့၌တည်ရှိနေပြီး သတ်မှတ်အင်္ဂါရပ်နှင့်မညီဖြစ်နေသော အုတ်ဂူဟောင်းများကို သတ်မှတ်အင်္ဂါရပ်နှင့်အညီ ပုံစံတူ အုတ်ဂူများအဖြစ် နဂိုမူလနေရာတွင်ဖြစ်စေ၊ အခြားသတ်မှတ်ပေးသည့်နေရာတွင်ဖြစ်စေ ပြန်လည်တည်ဆောက်ရန်နှင့် အုတ်ဂူမသွင်းဘဲ ရိုးရိုးမြေမြှုပ်ထားသည့်နေရာများတွင်လည်း ပုံစံတူအုတ်ဂူများတည်ဆောက်ပေးရန် လမ်းညွှန်ခွင့်ပြုချက်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ နေရာများရှိ အုတ်ဂူဟောင်း ပိုင်ရှင်များသည် (၁-၁-၂၀၂၅)ရက်မှ (၂၈-၂-၂၀၂၅)ရက်အထိ ရက်ပေါင်း (၆၀) အတွင်း နေ့စဉ်နံနက် (၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေဝေး(ဟိန္ဒူ)သုသာန်သို့ လာရောက်၍ ရေဝေး(ဟိန္ဒူ)သုသာန် အုပ်ချုပ်ရေးကော်မတီနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အထက်ပါ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း (လုံးဝ)မရှိသော အုတ်ဂူပိုင်ရှင်များ၏ အုတ်ဂူဟောင်းများကို ရေဝေး(ဟိန္ဒူ)သုသာန်အုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စနစ်တကျ တူးဖော်၍ အရိုးပြာအိုးသွင်းပြီး (၂ပေ x ၂ပေ)ပတ်လည် သတ်မှတ်ပုံစံ အုတ်ဂူလေးများကို အုတ်ဂူအမည်ပါအတိုင်း ကမ္ပည်းထိုး၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ် (ဟိန္ဒူ) သာသနာရေး ရန်ပုံငွေအဖွဲ့၏ ရန်ပုံငွေဖြင့် တည်ဆောက်မြှုပ်နှံပေးသွင်းမည်ဖြစ်ပါကြောင်း ဟိန္ဒူဘာသာဝင်များကို အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်သန်း**
**တွဲဖက်အတွင်းရေးမှူး**
**မြန်မာနိုင်ငံလုံးဆိုင်ရာတမိလ် (ဟိန္ဒူ)**
**သာသနာရေးရန်ပုံငွေအဖွဲ့**

## ဦးစောဘီဆေး(၁၂/သဃက(နိုင်)၀၈၄၀၃၈)(CH-၀၀၂၅၂၂)ကိုင်ဆောင်သူ သိရှိစေရန်

လူကြီးမင်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်ချို(၂)လမ်း၊ အမှတ်(၉၈၀)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၉၈၀)၊ ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဒေါ်မော်မော်ခင်(၁၂/လမတ(နိုင်)၀၀၃၇၀၂)၊ ဒေါ်ကေသီခင် (၁၂/လမတ(နိုင်)၀၁၃၉၇၆)၊ ဒေါ်နွေမာမြင့် (၇/ ဖမန (နိုင်) ၁၀၁၂၈၆)တို့(၃)ဦးမှ အရောင်းအဝယ်အရပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၃)ဦးတို့မှ အဆိုပါမြေကွက်နှင့်အိမ်အား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်၍ ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထိန် (B.A,H.GP,R.L,D.B.L.,D.M.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း-၀၉-၇၅၈၇၃၄၉၉၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၄၃)၊ ဦးပိုင်အမှတ် (၁၅+၁၆)၊ ၅၂ x ပြင်ဦးလွင်-မန္တလေးကားလမ်း၊ ၄၀ x ၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့် ၉/မနတ(နိုင်)၀၃၅၀၀၅ က အမှုတွဲအမှတ် (၆၁၇၈/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၄၇၈၀၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှနွယ်အေး ၁၀/မလမ(နိုင်)၀၆၈၇၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၇၄၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်းထွန်း ၁၀/မလမ(နိုင်)၁၂၂၈၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ညောင်ဦးခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂
## ကွယ်လွန်သူ ဦးသိန်းလွင်ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်နှင်းငွေရီ(ဘ)ဦးသိန်းလွင် လျှောက်ထားသူ
သာယာအေးရပ်ကွက်
ကျောက်ပန်းတောင်းမြို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဖခင် ဦးသိန်းလွင်၏ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်နှင်းငွေရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဖခင် ဦးသိန်းလွင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည့်အဆိုရှိသူ ဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်နှင်းငွေရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ချိုထက်)**
**ခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/4258, Sanya-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၈/ဆဖန(နိုင်)၀၅၅၇၆၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/39709, Luojia-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်ခိုင် ၇/မလန(နိုင်)၁၃၄၇၂၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ စုံခေါင်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၁၀၃)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၀၆/၂၀၁၃-၂၀၁၄ အရ ဦးလွန်းကြည် အမည်ဖြင့်ရရှိခဲ့ပြီးမူလဂရန်အမည်ပေါက်သူ၏အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်သန်းမူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၈၂/၂၀၂၄)ဖြင့် ဦးအောင်စိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း )လျှောက်ထားနိုင်ရေး ဦးအောင်စိုး ၆/မအရ(နိုင်)၀၃၉၃၈၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

